ဆိုရှယ်နို

တပင်လဲ

အလုပ်သမားပါတီအား ဝေဘန်ချက်

တကဲ့စစ်မှန်သော ငြိမ်းချမ်းရေးကို လိုလားသည့်
ရဲဘော်များ စုပေါင်းရေးသား ထုတ်ဝေသည်။

အလုပ်သမားပါတီအားဝေဘန်ချက်

(၁)

အလုပ်သမား ပါတီဝင် ရဲဘော်တိုင်း၊ ခေါင်းဆောင်စု ရဲဘော်တိုင်း အား ဖြစ်ပေါ်ခဲ့သောအခြေနှင့် အယူအဆများကို စီစစ်သုံးသပ်၍ ပြင်ဆင်သင့်သည်ကို အချိန်မှီပြင်ဆင်ခါ၊ ကူးရောက်နေသော သဘောတရားနှင့် လုပ်နည်းအန္တရာယ်ဒဏ်မှ ကယ်တင်နိုင်ရန် အတွက်၊ အောက်ပါ အလုပ်သမား ပါတီသို့ ဝေဘန်ချက် များကို အပြုသဘောဖြင့် တင်ပြလိုပေသည်။

"တခုသော အန္တရာယ်မှာ မါ့က္စ် လီနင်ဝါဒ အခြေခံ သဘောတရားများကို တတ်ယောင်ကားဖြင့် စည်းမဲ့ ကမ်းမဲ့ ရိုက်ချိုး ပြင်ဆင် မှားယွင်းစွာ တည်ထွင် လိုက်သော ပြင်ဆင်ရေး ဝါဒ ဖြစ်၏။ ဤအန္တရာယ်သည် လက်ျာစွန်းသို့ ပို့ဆောင်ရုံသာမက၊ နောက်ဆုံး တွင် သစ္စာဖောက် လမ်းမှားကြီး သို့ပင် တွန်းချစေနိုင်၏" ဟူ၍ ချမ်းအေး စစ်တမ်းဝေဘန်ချက်တွင်၎င်း၊ အမျိုးသားအရင်းရှင်လူတန်းစား၏ ခေါင်းဆောင်မှုကို အလုပ်သမား လူတန်းစား၏ ခေါင်းဆောင်မှုထက် တဟုန်ထိုးမြင့်တင်ပေးရာရောက်တဲ့ လက်ျာစွန်း"ကို

ရှောင်ကျဉ်ရန် မေလ ၁၈ ရက်နေ့က ကျင်းပသော ဗမာပြည် အလုပ်သမားပါတီ နိုင်ငံလုံးဆိုင်ရာ ကွန်ဖရင့်၌ ပြောကြားသော သဘာပတိ သခင်ချစ်မောင်၏ မိန့်ခွန်းတွင်၎င်း၊ အလုပ်သမား ပါတီသည် လက်ျာ အန္တရာယ်ကို သတိပေးခဲ့ သော်လည်း၊ ယခုအခါ ၎င်းပါတီ သည် လက်ျာဘက်သို့ယိမ်းခါ မင်းရှင်နောက်မြီးဆွဲ လုံးလုံးဖြစ်နေပေသည်။

ဤအချက်မှန်ကန်ကြောင်း အောက်ပါတကယ့်ဖြစ်ရပ်များက သက်သေခံနေပေသည်။

ပြည်တွင်းစစ်အရေး

ဤအရေးတွင် အလုပ်သမားပါတီသည်၊ မိမိ၏လူတန်းစား ရပ်တည်မှုကို စွန့်လွှတ်ခါ မနေရှင် နောက်မြီးဆွဲ လုံးလုံးဖြစ်သွားမှုမှာ အထင် ရှားဆုံးဖြစ်၏။

အလုပ်သမား ပါတီ၏ အထွေထွေ နိုင်ငံရေး လမ်းကြောင်း သေနင်္ဂဗျူဟာတွင် ပြည်တွင်းစစ်လက္ခဏာကို အောက်ပါအတိုင်းဖိုင်းဖြတ်ခဲ့ပေသည်။

(ပြည်တွင်းစစ်နှင့်ပါတ်သက်၍ ဗိန္ဒိပ်ရေးဘက်တွင် ရှိသော ဖဆပလ ဆိုရှယ်လစ်ပါတီသည်။ နယ်ချဲ့ပဒေသရာဇ် စနစ်ကို အကျိုးပြု ကိုယ်စားပြု အဖြစ်၊ ပြည်သူ့အကျိုးစီးပွါး ဆန့်ကျင်ဘက်ဖြစ်၍ တန်ပြန် တော်လှန်ရေးလက္ခဏာ ဖြစ်၏၊ ခုခံရေးဘက်တွင် အလုပ်သမားနှင့်ပြည်သူရှိသည် တော်လှန်ရေး လက္ခဏာ ဆောင်၏) (မြန်မာ့ အလင်း-၁၉-၁၅၀)

"ဆိုရှယ်လစ်စခန်းသို့ ပန္နမခြေလှမ်းဖြစ်သည် နိုင်ငံတော်အရင်းရှင်စနစ် (ဝါ) အစိုးရ အရင်းရှင်စနစ်၊ နိုင်ငံတော် အရင်းရှင်စနစ်ဟုဆိုသည်မှာ ပုံသဏ္ဍာန်သာ ဖြစ်၍ တကယ့် အနှစ် သာရ မှာ မြို့ရိုကရက်တစ် အရင်းရှင်စနစ် (ဝါ) အာဏာပိုင် လူတစု အရင်းရှင်စနစ် ဖြစ်နေပေသည်၊ ထိုစီးပွါးရေးစနစ်ကို ချုပ်ကိုင် ကျင့်သုံး ရာ၌ အနောက်အယှက် အဟန့်အတားဖြစ်နေသည် အလုပ်သမား လူတန်းစားပါတီနှင့် အခြားအမိန္ဒိပ်ခံ ပြည်သူဆင်းရဲသားများ၏နိုင်ငံရေး ကိုယ်စားလှယ်ပါတီအဖွဲ့အစည်းများကို လက်နက်ဖြင့်ဗိန္ဒိပ်ကွပ်ကဲရန် (ဝါ) ဖိပြုရန်အတွက် ပြည်တွင်းစစ်လမ်းစဉ်ကို ချုပ်ကိုင်ခြင်း မှာလည်းအဆန်းတကျယ်မဟုတ်ပေ" (ထွန်း-၁၀-၁-၅၀)

"ပေါ်ပြူပါလက္ခဏာချက်သည် ယခုပြောင်းလဲသွားပြီလော"

အလုပ်သမားပါတီသည် ဤမေးခွန်းကို အလေးအနက် စဉ်းစား ရန် လိုပေသည်၊ ပြည်တွင်း စစ် ရပ်စဲရေး အတွက် အလုပ်သမား ပါတီ က ယခင်ကတသမတ်တည်း ကိုင်စွဲခဲ့သည့် ပေါ်လစီမှာ အောက်ပါအတိုင်း ဖြစ်၏။

"ကျွန်ုပ်တို့ဗမာပြည် အလုပ်သမားလယ်သမားပါတီကမူ၊ ပြည်တွင်း စစ်ဖြစ်ရခြင်း သည်၊ တစ်တရားခံ နယ်ချဲ့သမား၏ ပဋိယောဂသည့် အစိုးရလက်ဝဲအင်အားစုများ၏ ဂိုဏ်းဂဏ ဝါဒဘောဂါသည် အလယ်၊ ဗိန္ဒိပ်မှ ဒီမိုကရေစီ အခွင့်အရေး ရုပ်သိမ်း ခံရမှုသည် အဆုံးသတ် ရှို့မီးကြီး ဖြစ်သည်ဟု ကောက်ချက်ချထား၏၊ ထို့ကြောင့် အမျိုးသား လွတ်လပ်ရေး ပြည့်ဝ နိုင်မာရေးအတွက် အရင်းခံ ပဋိပက္ခကို အပြီးအပိုင် ဆက် လက် ချေဖျက်နိုင်ရန် လက်ငင်းရင်ဆိုင်နေရသော ပြည်တွင်းစစ် အဓိကပဋိပက္ခကို ဒီမိုက ရေစီငြိမ်းချမ်းရေးလမ်းစဉ်ဖြင့် ဖြေရှင်းပစ်နိုင်သည်ဟုယုံကြည်၏ ထို့ကြောင့် ထိုပြဿနာကြီးကို တမျိုးသားလုံး၏ အရေးကြီးဆုံး သော ပြဿနာကြီးအဖြစ်ဖြင့် "ကာယကံရှင်တို့ကိုယ်တိုင် မျက်နှာချင်းဆိုင်၍" (ကာယကံရှင်တို့ကိုယ်တိုင် မျက်နှာချင်းဆိုင်၍ဆိုသော စကားကိုသတိပြုပါ-စာရေးသူ) အကြေအလည် တွေ့ဆုံ ဆွေးနွေးရမည်ဟု တောင်းဆိုနေ၏။ ဤအဘောအတိုင်းပင် ပြည်သူ့ပါတီ အဖွဲ့အစည်းများ၊ လူထု လူတန်းစား လူမျိုးရေးအဖွဲ့အစည်းများ၊ ပြည်ချစ်ပုဂ္ဂိုလ်ကြီးများ ပါဝင်သည့် အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုကြီးကလည်း အပြင်းအထန် တောင်းဆိုလျက်ရှိနေ၏။ (ချမ်းအေး စစ်တမ်း ဝေဘန်ချက်စာအုပ်မှ)

"အဘယ့်ကြောင့်ဤသို့တောင်းဆိုရသနည်း"

ထိုသို့တဘက်နှင့်တဘက်တွေ့ဆုံကာ သိနားလည်ချက်၊ ကျေနပ်ချက်၊ အာမခံချက်၊ ယုံကြည်ချက်တို့ဖြင့် မရပ်စဲနိုင်ပါက တည့်ငြိမ်၍အဓိပ္ပါယ်ရှိသော ငြိမ်းချမ်းရေးကို ဘယ်နည်းနှင့်မျှ တည်ဆောက်၍မရနိုင်ပေ။

(အထက်ပါစာအုပ်မှ)

"လက်နက်ကိုင်တော်လှန်ရေး အင်အားစုများက မည်သို့ ကမ်းလှမ်းနေပါသနည်း"

ပြည်တွင်းစစ်အဓိကပဋိပက္ခကြီးကို လက်နက်ကိုင် ပုံစံမှ ငြိမ်းချမ်း စွာ ယှဉ်ပြိုင်ရေး၊ ဒီမိုကရေစီရေး၊ ပုံစံသို့သာ ကြေကြေ လည် လည် တွေ့ဆုံ ဆွေးနွေး ဖေ့စပ်ရေးအဖြစ် ကူးပြောင်းကြခါ၊ လက်နက်ကိုင်ပုံစံအတွင်း ဖြစ်ပျက်ခဲ့သမျှကို သင်ပုန်းချေကြစို့၊ ပါတီ အဖွဲ့အစည်း တိုင်း ဒီမိုက

ရေစီးဘောင်အတွင်း၊ ဒီမိုကရေစီအာမခံချက်များနှင့် ပြေလည်စွာနေရာချထားစို့၊ ဤသို့ငြိမ်းချမ်းရေးအင်အားစုများက တောင်းဆိုလျက် ရှိကြသည်၊ တောတွင်းအင်အားစုများက အကြိမ်ကြိမ် ကမ်းလှမ်းလျက် ရှိကြသည်။

(အထက်ပါစာအုပ်မှ)

"ဤကမ်း လှမ်း တောင်း ဆို ချက်ကို ဘယ်သူက ခေါင်းမာနေသနည်း"

ဤသို့ ပြည်သူ တရပ် လုံး နှင့် တောတွင်း ပါတီ များက ကမ်းလှမ်းတောင်းဆိုနေကြသည်၊ဖဆပလဆိုရှယ်လစ်တို့ကခေါင်းမာနေဆဲဖြစ်သည်

(အထက်ပါစာအုပ်မှ)

ငင်းတို့က မည်သို့မည်ပုံခေါင်းမာနေသနည်း"

ဖဆပလ ဆိုရှယ်လစ် ပါတီကမူ ငြိမ်ဝပ်ပိပြားရေး ရရန် လက်နက်ချပါဟု ဆို၏၊ နောက်ပိုင်းသက်ညှာစွာ စဉ်းစားပါမည်ဟုဆို၏၊ လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ပြီးဖြစ်ကြောင်း ယုံကြည်စိတ်ချရသောအခါ၊ တရားဝင် ပါတီများ ဖြစ်စေရမည်ဟု ဆို၏။ ဤသို့ လက်နက်ချလျှင်ချ၊ မချလျှင် အပြုတ်တိုက်ခြေမှုန်းပစ်မည်ဟုဆို၏။

လက်နက်ချရေးပြဿနာကို၊ ရှေ့တန်းတွန်းပို့နေသူတို့သည်။အာဏာလက်ကိုင် ထားလျှင် **"တည်ဆဲ ဥပဒေကို တရားသေ သတ်မှတ် ပြီး"** (တည်ဆဲဥပဒေကို တရားသေ သတ်မှတ်ပြီး ဆိုသော အပုဒ်ကို သတိပြုပါ၊ စာရေးသူ) တော်လှန် ရေး ၏ သဘာဝ လမ်းစဉ် ကို မရှုမြင် နိုင် သော ကာလသုံးပါးစလုံးအတွက်အလွန်အရေးကြီးလှသည့် ဒီမိုကရေစီပြဿနာကို ကာယကံမြောက် အားဖြင့် နယ်ချဲ့သမား အကြိုက် နောက် တမ်းသို့ ခါချပို့လွှင့်နေသောသူများသာ ဖြစ်ပေလိမ့်မည်။(အထက်ပါစာအုပ်မှ)

"သို့ဖြစ်ရာ ပြဿနာတရပ်လုံး၏ အဓိကကွင်းဆက်သည်ဘာလဲ"

ဤသို့သော ဒီမိုကရေစီအခြေခံဖြင့် ပြည်တွင်းစစ်ကို ရပ်စဲရေးအတွက်၊ ဒီမိုကရေစီအခြေခံဖြင့်တူညီစွာတွေ့ဆုံဆွေးနွေးညှိနှိုင်းဘို့သည်၊ ပြဿနာတရပ်လုံး၏အဓိကကွင်းဆက်ဖြစ်လေသည်။ (အထက်ပါစာအုပ်မှ)

အားလုံးဖြံ့လိုက်လျှင်

"ပြည်တွင်းစစ်အရေးနှင့်ပါတ်သက်၍အလုပ်သမားပါတီကမူလချမှတ်ခဲ့သောမူမှာ အောက်ပါအတိုင်းဖြစ်၏-"

။ ဒီမိုကရေစီကိုဖိနှိပ်နေသူများကတဘက်

။ ဒီမိုကရေစီအတွက်တိုက်ပွဲဝင်နေသူများကတဘက်
ဖြစ်ပွါးနေသောပြည်တွင်းစစ်ဖြစ်သည်၊

ထိုပြဿနာ၌တမျိုးသားလုံး၏ အရေးကြီးဆုံးသော နိုင်ငံရေးပြဿနာကြီးဖြစ်သဖြင့်၊ ကာယကံရှင်တို့ကိုယ်တိုင်မျက်နှာချင်းဆိုင်၍ တွေ့ဆုံ ဆွေးနွေးရန်လိုပေသည်။

ဤသို့မဆွေးနွေးပါက၊ တည်ငြိမ်း၍ အဓွန့်ရှည်သော ငြိမ်းချမ်းရေးကို ဘယ်နည်းနှင့်မျှမရနိုင်၊ ဒီမိုကရေစီပုံစံသို့ တွေ့ဆုံဆွေးနွေးစေ့စပ်ရေးဖြင့် ကူးပြောင်းရန် တောတွင်းအင်အားစုများကကမ်းလှမ်းနေသည်။

ဖဆပလ ဆိုရှယ်လစ်တို့ကခေါင်းမာနေသည်၊ ဖဆပလဆိုရှယ်လစ်တို့က လက်နက်ချလျှင်သက်ညှာစွာ စဉ်းစားမည်၊ တရားဝင်ပါတီ ဖြစ်စေရမည်ဟုဆိုသည်၊ လက်နက်မချလျှင်အပြုတ်တိုက်မည်ဟုဆိုသည်၊ လက်နက်ချရေးပြဿနာကိုရှေ့တန်းသို့တွန်းပို့နေကြသူတို့သည်၊ တည်ဆဲဥပဒေကို တရားသေမှတ်ပြီး နေကြသည်၊ ဒီမိုကရေစီ အခြေခံဖြင့်တူညီစွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းဘို့သည်ပြဿနာတရပ်လုံး၏အဓိကကွင်းဆက်ဖြစ်သည်။

ဤအခြေခံမူကို အလုပ်သမားပါတီသည် ကိုင်စွဲထားပါသေးသလော၊ ကျွန်ုပ်တို့အမြင်ဖြင့်ပြောရလျှင် အလုပ်သမားပါတီသည်၊ ယခုအခါဤမူကို စွန့်လွှတ်လိုက်ပြီး ဖြစ်သည်ဟုဆိုရတော့မည်ဖြစ်သည်၊ ချမ်းအေးဝါဒအားပြောင်မြောက်စွာ တိုက်ခိုက်ခဲ့သောသူများသည် ယနေ့၌ ချမ်းအေး ၏ လက်နက်နှင့်ဒီမိုကရေစီသဲလှယ်ရေးလမ်းစဉ်ကို တမျိုးဘဖုံတန်ဆာဆင်၍ ကျင့်သုံးခါ ၎င်း၏ခြေရာကို လိုက်နင်းလာတော့သည်၊ ချမ်းအေးဝါဒ၏ ရေသောက်မြစ်သည် သိန်းဖေမြင့်၏ ပြန်လှန်စစ်ကျောရေး ပြင်ဆင်ရေးဝါဒဖြစ်ပေသည်၊ ချမ်းအေးအား ရစရာမရှိအောင် တိုက်ခဲ့သူများသည်၊ ယခုအခါသိန်းဖေမြင့်၏ပြင်ဆင်ရေးဝါဒမှိုင်းလုံးတို့အကြားတွင် လိမ့်လည်ကာ ရေစုံမျော၍နေပေသည်။

ဒုတိယလမ်းစဉ်မှာ ပြည်သူလူထု၏လမ်းစဉ်ဖြစ်ပေသည်၊ ထိုလမ်းစဉ်၏အနှစ်သာရမှာ "နှစ်ဦးနှစ်ဘက် တွေ့ဆုံဆွေးနွေးရေး ပြဿနာများကို ကြေလည်စွာညှိနှိုင်းဖြေရှင်းကြရေး"ပင် ဖြစ်ပေသည်၊ ထိုလမ်းစဉ်၏ အခြေခံဝါဒမှာ၊ တူညီသည့် ဒီမိုကရေစီအခြေခံဖြင့် တွေ့ဆုံဆွေးနွေးဖြေရှင်းရေးဝါဒအပေါ်တွင်အခြေထိုင်ပေသည် (ချမ်းအေးစစ်ဘမ်းဝေဘန်ချက်)

လက်နက်ချရေး လမ်းစဉ်နှင့် စေ့စပ်ဆွေးနွေးရေးလမ်းစဉ် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်သည်။

ဦးနုတို့သည်၊ စေ့စပ်ရေးလမ်းစဉ်ကို၊ ဆင်ခြေအမျိုးမျိုးပေး၍ ခေါင်းမာစွာ ငြင်းပါယ်လာခဲ့၏။

စေ့စပ်ရေးလမ်းစဉ်မှာ၊ ပြည်သူလူထုတရပ်လုံး၏ ထောက်ခံချက်ကို ရရှိခဲ့သည့်အတွက်၊ ဦးနုတို့သည်၊ စေ့စပ်ရေးကို မူအားဖြင့်မငြင်းနိုင်ဘဲ၊ "တောတွင်းကလူများ၏စေ့စပ်ရေးဆိုသည်မှာ၊ ပရိယာယ်သာဖြစ်သည်ဟူ၍၎င်း၊ တောတွင်းကလူများကို မယုံကြည်ရဟူ၍၎င်း၊ တောခြေကတဘက်၊ မြို့ခြေတဘက်နင်းထားသည်ဟူ၍၎င်း၊လက်နက်အပ်ကြမည်မဟုတ်ဟူ၍၎င်း၊"အမျိုးမျိုးဆင်ခြေပေး၍ ပြည်သူများ၏ဆန္ဒကို ဆန့်ကျင်လျက် ပါယ်လှန်ခဲ့၏။

တော်လှန်ရေးအင်အားစုများက ပြည်တွင်းစစ်ရပ်စဲရေးအတွက်၊ အမျိုးမျိုးဘင်ပြ၍လာခဲ့ကြ၏။

"မယုံကြည်ရဆိုလျှင် သမာသမတ်ရှိသော ပုဂ္ဂိုလ်များ၏ ရှေ့မှောက်တွင်တွေ့ရန်၎င်း၊ အစိုးရအနေနှင့် မတွေ့နိုင်လျှင် ဖဆပလအဖွဲ့အစည်းအနေနှင့်တွေ့ရန်၎င်း၊ သဘောမတူကြသေးသည့်တိုင် နှစ်ဘက်အတိုက်အခိုက်ရပ်စဲထားရန်၎င်း၊ သဘောတူချက်ရပြီးနောက်တွင်"အစိုးရအား လက်နက်များလွှဲအပ်မည်ဟူ၍၎င်း" စကားကုန်တင်ပြခဲ့ကြလေသည်။

ကျွန်ုပ်တို့အမြင်ပြောရလျှင် တွေ့ပြီးသာစကားပြောညှိနှိုင်းသင်ပုန်းချေ လိုက်ကြရပါက ငြိမ်းချမ်းရေးရတော့မည်မှာ သေချာနေပြီဖြစ်၏။

"စေ့စပ်လို့ ငြိမ်းချမ်းရေး ရမယ်ဆိုလျှင် ရာဇအိမ်နန်းပဲ့ရုံမကပါဘူး ကြေမွသွားပါစေ၊ တွေ့ပါမယ်ဟူ၍၎င်း" "စေ့စပ်လို့ ငြိမ်းချမ်းရေးရမယ်ဆိုလျှင်ဖဆပလထဲမှာ ဗဒလောင်ဆန်ချင်ဆန်ပါစေ၊ အစိုးရယန္တယားထဲမှာဗဒလောင်ဆန်ချင်ဆန်ပါစေ၊ဒါကိုမကြောက်ပါဘူး"ဟူ၍၎င်း၊ ဦးနုသည် ပြောကြားခဲ့ပြီးဖြစ်၏၊ ယခုတဘက်က စကားကုန်တင်ပြထားပြီးဖြစ်ရာ ဦးနုတို့အနေဖြင့် ဘာကြောင့် မစေ့စပ် နိုင်ကြောင်းဆင်ခြေပေးစရာကုန်နေပြီဖြစ်၏။

"ဖဆပလအကွဲနှင့်အလုပ်သမားပါတီ၏ခြေလှမ်းမှား"

အုပ်စိုးသောပါတီမှာလည်း ကွဲသွား၍ လူထု၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ အလွန်ပြင်းထန်ခဲ့ပေသည်၊ ဤအခြေအနေတွင် ပြည်သူလူထုက တသမတ်တည်းတောင်းဆိုလာခဲ့သော ပြည်တွင်းစစ်အားစေ့စပ်ရပ်စဲရေးကို၊ ဦးနုအစိုးရသစ်သည် တနည်းနည်းနှင့်လက်မခံဘဲ မနေနိုင်တော့သည့် အခြေအနေပင်ဖြစ်၏။

ဤအခြေအနေတွင်ငြိမ်းချမ်းရေး တံခွန်ထူ၍ ငြိမ်းချမ်းရေးတံပိုးခရာနှင့် တိုက်စည်တိုက်မောင်းတို့ထိုးမှုတ်၍ ချီတက်ရမည့် အစားကြေးစည်တီး၍ ဦးနုအား ညောင်ထောက်တံတားခင်းကူညီဖေးမကာ မိမိတို့အား ပြည်သူကတောင်းဆို နိုင်းထားသော ငြိမ်း ချမ်း ရေး ကိစ္စကို မေ့လျော့ထားလောက်ပင်ဖြစ်ခဲ့ပေသည်။

မရှုနိုင်မကယ်နိုင်ဖြင့် ပင့်သက်ရှူနေရသောဦးနုအားဖေးမ ကူညီ ကယ်တင်အသက်ဆက်ပေးရေးလုပ်ခဲ့ချက်မှာ၊ မေတ္တာ စေတနာဖြင့်၎င်း၊ ဂတိကိုယုံကြည်၍၎င်း၊ လုပ်သင့်သော်လည်း ဂတိကိုမတည်ဘဲ၊ပြည်သူ့မေတ္တာကိုသစ္စာဖေါက်ဆန့်ကျင်၍၊ လက်နက်ချရေးမူဖြင့် အမိန့်ပေး အမိန့်ခံ ငြိမ်းချမ်းရေးမျိုး၊ တဘက်သတ်အထက်စီးမျိုး လုပ်လာသောအခါ၊ ငြိမ်းချမ်းရေးတပ်မကြီးထဲမှ ကိုယ့်တပ်ကိုယ်ပြန်နင်းသူများပေါ်လာ၍ဦးနုအား ဆွဲထုတ်ကယ်တင်ကာ အကာအကွယ်ပေးလာမှုသည်၊ အကြီးဆုံးလုပ်ကြံမှုကို ပြည်သူတို့အပေါ်ပြုလိုက်သည်နှင့်၊ တူလှပေသည် ဦးနုအားကယ်တင်

ပြီး ကာကွယ်လိုက်သူများမှာ၊ ပမညတအတွင်းမှ လက်ျာ အင်အားစုများပင်ဖြစ်ပေသည်၊ ဤအင်အားစုများသည် ပမညတမှ ချမှတ်ထားသော စေ့စပ်ရေးမူကို စွန့်ပယ်လျက် ဦးနု၏ လက်နက်ချရေးမူကို ထောက်ခံလိုက်ကြပေသည်။

ထိုသူတို့သည် လက်နက်ချရေးမူကို တိုက်ပွဲပုံစံပြောင်းရေးအရေလွှမ်းပေး၍၊ အတင်းလက်ခံခိုင်းလာပေသည်၊ ကာယကံရှင်က ယနေ့အထိ လက်နက်ချရေးမူကို၊ တဘက်သတ်အနိုင်ယူအပေါ်စီးယူရေးမူကို လုပ်နေပါလျက်၊ လက်နက်ချဘောင်ထဲမှ အချက်အလက်ကလေးများကို ကောင်းနိုးဩသါပေးရင်းကြွက်တူရွှေးကတော်တော်၊ဒေါ်ဒေါ်ကရော့ပိုတယ်ဆိုသည့်အနေသို့ပင်ရောက်သည်နှင့်တူလှပေသည်။ ဤမူကိုပင် ခေါင်းမာစွာ ဆန့်ကျင်နေပါက နိုင်ငံရေးအနေအထား၊ ပြောင်းလဲသွားမည်၊ စစ်ရေးလဲ အားနည်းနေသည်၊ကျဆုံးခြင်းကို တွန်းပို့လိုက်သလိုဖြစ်မည်ဟု ဦးနု ကိုယ်စားလည်သဘွယ်ခြောက်လှန့်လာပြန်ပေသည်။

နိုင်ငံရေးအနေအထားပြောင်းလဲလာမှုဖြစ်လျှင်၊ မြေပေါ်ရှိ ကျွန်ုပ်တို့အလုပ်သမားလူတန်းစားပါတီများ၏ အရင်းရှင်အား အရှောင်ကင်းပေးမှု၊ အကြွင်းမဲ့ပေါင်းမှုတို့ကြောင့်သာ ဖြစ်ခဲ့ရသည်ဟုမိမိတို့ကိုယ်ကို မိမိတို့ဝေဖန်သုံးသပ်မိကြနိုင် လိုပေလိမ့်မည်။

နယ်ချဲ့လက်ပါးစေများအာဏာပြန်လည်ယူရန်အခွင့်အလမ်းသာသည့်အခြေသို့ ပို့ဆောင်ပေးရာရောက်မည်ဟု ဆိုကြပြန်၏၊ ထိုအခြေအနေတွင် နောက်ဆုတ်ဘို့ပင်အကြံဆိုက်နိုင်မည်ဟုဆို၏။ ဤစိုးရိမ်ချက်ဖြင့် လုပ်သောသူများသည်ပင် အမျိုးသားညွန့်ပေါင်းအစိုးရ ဖွဲ့ရန်ဆို၍၊ ဆွေမြိမ်းလူစုတို့ကို သွားရောက်ကမ်းလှမ်းခဲ့ပြန်၏။ သူတို့ဘဲ အာဏာပြန်ပေးရန်စီမံလာပြန်ရာ၊ တွေးမရလောက်အောင်ပင်ဖြစ်ကြရ၏။

ဦးနုပြုတ်ကျမည်ကို ကာယကံရှင်ထက် စိုးရိမ်ချက်ဖြင့် လုပ်လာ၏။ ဤသို့လုပ်ရာတွင် ငြိမ်းချမ်းရေး တည်ဆောက်ဘို့အရေး ဦးနုအား တိုက်တွန်းဘို့ထက်၊ ဦးနုနှင့်ပေါင်း၍ ကာကွယ်ရန် အားသန်နေ၏။ အယုံအကြည်မရှိအဆိုမတင်ရန် အောင်သွယ်သွားလုပ်၏၊ ကောက်ညှင်းကစီးရ

မှာ ဆန့်ကြမ်းကစီးခဲ့၏၊ မိမိတို့ကျုံ့နေမှုများကို သိလျက်နဲ့လုပ်မိသည်ကို ဖွတ်ဆက်လုပ်လာ၏၊ အရင်းရှင်ဦးနုနှင့်ပေါင်းရသော အင်အားစု အသီးသီးအား အတင်းပုံသွင်းရင်း လက်မခံနိုင်သောအခြေရှိသူများကို မာန်ခီလာ၏၊ ဦးနုကလည်း၎င်းတို့အား အထင်မကြီးတော့ဘဲ၊ တောင်းသည်များမပေးဘဲ ပြူစောထီးမဖျက်နိုင်ဆိုသည့် အနေမျိုးအထိ ဖြစ်လာရာ၊ ဟိုအောင်ဒီဟစ်နှင့် အမျိုးမျိုးထုတ်ပြန်လာတော့၏၊

ပမညတသည်ဤမျှမတည်မငြိမ် ကယိမ်းကယိုင်နှင့်အိခြေမဲ့သောဘဝသို့ ရောက်ခဲ့ရ၏။ အရင်းခံကို စီစစ်သော်အလုပ်သမားပါတီ၏ မတည်ငြိမ်မှုခန့်ရှင်ပေါက်စသသောတရား အန္တရာယ်မှဆင်းသက်ခဲ့၏။ သိန်းဖေမြင့်၏ ပြင်ဆင်ရေးဝါဒ နောက်ငြိုးဆွဲဖြစ်မှုမှပေါ်ခဲ့ခြင်းဖြစ်သည်။

“လက်ျာနောက် ကောက်ကောက်ပါခဲ့ရာ”.

အလုပ်သမားပါတီသည်၊ ဖေါ်ပြပါလက်ျာအင်အားစုများ၏ နောက်သို့ကောက်ကောက်ပါအောင်လိုက်သွားရာ၌၊ အလွန်ဆန်းကျယ်၍အခြေခံလုံးဝမရှိသောသဘောတရားရေးထုပ်လုပ်ချက်တရပ်ကို ပြုလုပ်ခဲ့၊ သူတို့၏လက်ျာယိမ်းမှုကို ကာကွယ်ရန်ကြိုးစားကြလေသည်။

“ဦးနု၏လက်နက်ချရေးမူသည်ပင်စေ့စပ်ရေးမူဖြစ်သည်”ဟူ၍ သယ်ဆောင်လာခြင်းပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်။ “သခင်သန်းထွန်း၊ သခင်စိုး၊ ဗိုလ်ဗိုးကွန်း၊ သခင်နုတို့ တွေ့ကြမှသာတွေ့ဆုံစေ့စပ်ရေးမဟုတ်၊ ပမညတနှင့်သခင်နု ထမင်းအတူစားခြင်းသည်လည်း တွေ့ဆုံခြင်း၏အစပင်ဖြစ်သည်” (ဗိုလ်မြသွေး၏ ဇူလိုင်လ ၁၇ ရက်သတင်းစာကွန်ဖရင့်)

ဤသို့သောတွေ့ဆုံခြင်းမျိုး၊ လက်နက်ချရန်သက်သက်အတွက် စစ်တပ်နှင့်တွေ့ဆုံခြင်းမျိုး ကိုသည်ပင်လျှင်၊ ပမညတ၏ မူလကတည်းကချမှတ်ထားသော စေ့စပ်ရေးလမ်းစဉ်ဖြစ်သည်ဟုဆိုလျှင်၊ ၎င်းမှာအလွန်ရိုးအမှုမှမဟုတ်ဆိုလျှင်၊ အလွန်ရဲရင့်ပြောင်ကြွစွာ လူထုမျက်စေ့ကိုသဲနှင့်ပက်ခြင်းဖြစ်ရုံမျှမကသေး၊ ပမညတ၏လူထုတိုက်ပွဲများနှင့် မူလကချမှတ်ထားခဲ့သည့် တော်လှန်တက်ကြွသော စေ့စပ်ရေးမူကို ရုပ်ပျက်ဆင်းဖျက်ဖြစ်အောင်လုပ်လိုက်ခြင်းပင်ဖြစ်ချေသည်တကား။

ဤမှသည်မှလကဘည်းက၊ ပမညတ၏ပူဖြစ်သည်ဟုဆိုပါက၊ အဘယ်ကြောင့်ဦးနုအစိုးရဟောင်း လက်ထက်က၊ ဤသို့သောတွေ့ဆုံနည်းအားဖြင့် လက်နက်ချခြင်း များကို၊ ပမညတ(အလုပ်သမား ပါတီ)သည်မထောက်ခံခဲ့ရုံမျှမကသေးဘဲ၊ တိုက်ခိုက်မှုကိုပင် ပြုလုပ်ခဲ့ပါသနည်း....

အဘယ်ကြောင့်ကာယကံရှင် တို့ကိုယ်တိုင် [ကာယကံရှင်များဆိုသည်မှာလက်နက်ကိုင် တိုက်ခိုက်မှုတို့တွင် မပါဝင်ခဲ့သော လူများကို ဆိုလိုခြင်းမဟုတ်ဘဲနှစ် ဘက်လက်နက်ကိုင်တိုက်ခိုက်နေကြသူများကိုသာဆိုခြင်းဖြစ်ကြောင်းထင်ရှားပေသည်။ စါရေးသူ] မျက်နှာချင်းဆိုင်၍အကြေအလည်တွေ့ဆုံဆွေးနွေးရမည်ဟု၊တောင်းဆိုခဲ့ပါသနည်း ...။

အဘယ်ကြောင့်ချမ်းအေးစစ်တမ်းကိုရစရာမရှိအောင်ဝေဖန်တိုက်ခိုက်ခဲ့ပါသနည်း....

"အလုပ်သမားပါတီသည့်အဘယ်ကြောင့် ဤသို့လကျာဘက်သို့" ယိမ်းကာမနေရှင် နောက်မြီးဆွဲဖြစ်သွားပါသနည်း။

(၁) ပဌမအချက်အားဖြင့် မနေရှင်၏အမျိုးမျိုးသော ထိုးနှက်ချက်နှင့် မနေရှင်၏သြဇာကိုကြိုးကြိုးခံ၍တွန်းလှန်မပစ်နိုင်ခြင်းဖြစ်၏။

မနေရှင်သည်၊ စေ့စပ်ရေးလမ်းစဉ်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်ခအောင် အမျိုးမျိုးတိုက်ခိုက်ခြင်း၊ အလုပ်သမားပါတီအား တောတွင်းကွန်မြူနစ်သူလျှိုများဟူ၍၎င်း၊ ကိုယ့်ခေါင်းနဲ့ကိုယ် မစဉ်းစားနိုင်သူများဟူ၍၎င်း ငြိမ်းချမ်းရေးကိစ္စတွင်၊ ကြားကျကျတရားသဖြင့် မစဉ်း စား ခဲ့ကြ ဟူ၍ ၎င်းအမျိုးမျိုးတိုက်ခိုက်ခဲ၏၊ "စေ့စပ်ရေးကိုဘယ်တော့မှလက်မခံဘူး" ဟူ၍တင်းတင်းမာမာဆိုခဲ့၏။

တဘက်က၊ မနေရှင်သည်၊ လက်နက်ချရေးဘောင်အတွင်း၌ လျှော့ပေးချက်အမျိုးမျိုးကို ပြုလုပ်ခဲ့၏၊ ပမညတနှင့် တွေ့ခြင်းကိုပင်တောထဲကလူတွေနှင့် ဆွေးနွေးတာမျိုးဖြစ်အောင်လုပ်၏၊ ပမညက ကိုတောတွင်းက ကိုယ်စားလှယ်ကြီးအဖြစ်လူပေါ်လူဇော်လုပ် သတ်မှတ်ပြီး၊ သူတို့ကလက်ခံနေပါပြီ၊ တောထဲကလူတွေနဲ့ဘာ့ဆိုလျှင် ဒီလူတွေက နဲနဲမှလက်ခံမည်

လူများမဟုတ်ပါဟုဆို၍ သယ်လာ၏၊ ဤကိုလုပ်ရင်း မိမိပြောခဲ့သောဒဝီများ၊စကားများ၊ကိုလိမ္မာစွာဖျက်ပစ်၏၊ ပမညတနှင့်တွေ့၍ဆွေးနွေးရင်းလွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေလုပ်ပေးရန် အာမခံ၏၊ တရားဝင်ပါတီထူထောင်ခွင့်ပေးမည်ဟုအာမခံ၏။

ဤလျှော့ပေးချက် များသည် လူထု၏ တိုက်ပွဲ များကြောင့် ရရှိလာချက်များဖြစ်၍၊ ထိုလျှော့ပေးချက်များကိုကိုင်ခါ၊ ငါတို့လိုလားချက် များကိုရအောင် လူထုတိုက်ပွဲများ၊ ဆက်လက် ဆင်နွှဲရမည်ဖြစ်သော် လည်း အခြေခံမကျသော လျှော့ပေးချက်များ၏ အခက်းကိုပိုမိုတွက်ပြီး၊ စေ့စပ်ရေးအခြခံမှုကို မှေးမှိန် စေရန်၊ မရေရာမတိကျသော အချက်များ ပြ၍ တစတစ ဖျောက်သလို ဖြစ်လာ၏။ ကာယကံရှင်များ တွေ့ဆုံ ဆွေးနွေး စေ့စပ်ရေးဆိုသော အခြေခံမှုကိုကား ပျောက်မသွားစေရန် ထိမ်းသိမ်းသွားသင့်ပေသည်။

အလုပ်သမားပါတီသည် ဤနေရာတွင် လက်နက် ချရေး ဘောင် အတွင်းမှ၊ တစိပ်တဒေသ လျှော့ပေးချက်များကိုစေ့စပ်ရေး မှုနှင့် ရှုပ်ထွေးခါ မနေရှင်၏သြဇာအောက်သို့ ကျရောက်၍သွားခဲ့ပေသည်။

(၂) ဒုတိယအချက် အားဖြင့် အလုပ်သမား ပါတီသည် ဖဆပလအကွဲနှင့်ပါတ်သက်၍၎င်း၊ ဦးနုအစိုးရသစ်၏ လက္ခဏာနှင့် ပါတ်သက်၍၎င်းသုံးသပ်ချက်ရှုပ်ထွေးလွဲမှားခဲ့၏။

ဖဆပလအကွဲနှင့်ပါတ်သက်၍ ဆွေငြိမ်းအုပ်စုက နယ်ချဲ့လက်ဝေခံကိုကိုယ်စားပြု၍၊ နုတင်အုပ်စုက အမျိုးသားအရင်းရှင်ကို ကိုယ်စား ပြုသည်ဟု သတ်မှတ်ခဲ့၏။

ဆွေငြိမ်းအုပ်စုသည် နယ်ချဲ့လက်ဝေခံ နယ်ချဲ့သူလျှို အမိကရန်သူဖြစ်သည်၊ ထို့ကြောင့်၎င်း အမိကရန်သူကို တိုက်ရန်အတွက် အမျိုးသားအရင်းရှင်ကိုကိုယ်စားပြုသော နုတင်အစိုးရနှင့် မဟာမိတ်ပြုရမည်ဟု ဆို၏။ ထို့ကြောင့် နုတင်အစိုးရနှင့် ပြည်သူလူထုတို့ဖြစ်ပွားသောပဋိပက္ခမှာ "ပြည်သူလူထုအချင်းချင်း အတွင်းဖြစ်ပွားသောပဋိပက္ခ" လက်

အောက်ခံ ပဋိပက္ခဖြစ်သည်ဟုဆို၏။ ဤပဋိပက္ခကိုဖြေရှင်းရာတွင် " နား
လည်မှုဖြင့်ဖြေရှင်း‧ရေး " ဖြစ်လာ၏၊ လူထုတိုက်ပွဲများ မလိုတော့ ဟူ
သော ဒိဂုံးသို့ကာယကံမြောက် ရောက်နေ၏။
အရင်းရှင်နှင့် အကြွင်းမဲ့ညီညွတ်ရေး၊ပူးပေါင်းရေးသည်ဤတွင်လာ၍
ပြီးပြည့်စုံသွားပေသည်။

အမှန်အားဖြင့် ဖဆပလအုပ်စုနှစ်စု ကွဲခြင်းသည်၊ နယ်ချဲ့လက်ဝေခံ
နှင့် အမျိုးသားအရင်းရှင် ကွဲပြားသွားခြင်းမဟုတ်၊ အမျိုးသားအရင်းရှင်
နှင့် လက်ဝေခံ အရင်းရှင်များမှာ ယခုတိုင် ခွဲခြား မရသေး၊အုပ်စုနှစ်စု
စလုံးတွင် ဤခွဲမရသေးသောနေရှင်များ ပါဝင်နေ၏၊ ဤအုပ်စုကွဲမှု မှာ
ပိုမိုခေါင်းမာသော လက်ျာဆိုရှယ်လစ်များ (ဆွေငြိမ်း) နှင့်လစ်ဘရယ်
ဆန်၍ ပြည်သူ့လှုပ်ရှားမှုကိုကြောက်ခါ ၎င်းအပေါ် သူရဲကောင်း လုပ်
ချင်သော နေရှင် (နုတင်) တို့ကွဲပြားခြင်းသာဖြစ်၏။

ဤအုပ်စုအကွဲတွင် ပြည်သူလူထုသည် မိမိတို့၏လိုလားချက်များ ရရှိ
ရေးအတွက် အခွင့်ကောင်း ယူခြင်း၊ လက်ျာ ဆိုရှယ်လစ်များ၏ နယ်ချဲ့
သမားနှင့်နီးစပ်မှု၊ ဂိုဏ်းခွဲမှုတို့ကို ပြတ်ပြတ်သားသား တိုက်ခိုက်ခြင်းတို့
ကို ပြုလုပ်ရမည်မှန်သော်လည်း ဂိုဏ်းဂဏ သက်သက်ဖြင့် ဒီလူတော့ကျွဲ
ပြီးရောဟု တခုတည်း ကြည့်ကာ တချိန်က ယုတ်မာခဲ့သူနှင့် အကြွင်းမဲ့
ပေါင်းရေးလည်းမမှန်ကန်ပေ၊ ပြည်သူ့လှုပ်ရှားမှုကို အချိုးသတ်ပြီးသော
အခါ ဆက်လက်ယုတ်မာလာတတ်ပေ၊ ၎င်းအတွက် တိုက်ပွဲစိတ်ဓါတ်ကို
မြင့်တင်ထားရမည်ဖြစ်ပေသည်။

ဦး နုအစိုးရသစ်တက်လာခြင်းသည်၊ ပြည်သူတို့လိုလားသော ပြည်သူ
ကြိုက် ဒီမိုကရေစီအစိုးရတက်လာခြင်းမဟုတ်ပေ၊ ဤအစိုးရသည်အရင်း
ရှင် မြေရှင်ကိုယ်စားလည် အစိုးရပင်ဖြစ်နေသေး၏၊ ဒီမိုကရေစီကို ဆက်
လက်ဖိနှိပ်နေသော အစိုးရပင်ဖြစ်နေသေး၏၊ဤအစိုးရတွင် လစ်ဘရယ်
ဆန်သော လိုက်လျောချက်ကလေးများရှိသည်မှာမှန်၏၊ သို့ရာတွင် ၎င်း
လိုက်လျောချက်သည် ပြည်သူတို့ကို ဖိနှိပ်ရေးဘောင်အတွင်းမှာသာဖြစ်
ပေသည်။

အလုပ်သမားပါတီ က ယူဆသကဲ့သို့ လက်ရှိ အစိုးရ သည်၊ အမျိုး
သားအရင်းရှင် အစိုးရပင်ဖြစ်သည်ဟု ဆိုကြဦးစို့၊ အမျိုးသား အရင်းရှင်
နှင့်ပေါင်းရာ၌၊ ပေါင်းလည်းပေါင်း တိုက်လည်းတိုက်ဆိုသော ပေါ်လစီ
ကို ကျင့်သုံးရမည်သာဖြစ်ပေသည်၊ ယခုအလုပ်သမားပါတီက အကြွင်း
မဲ့ပေါင်းသင်းနေပေသည်။

ဤနေရာတွင်၊ ပြည်သူ့တရုပ်ပြည်၏ အောင်ပွဲခံပြီး နောက် ဖြစ်ပေါ်
လာသောပုံစံကို၊ ယနေ့ဗမာပြည်၌ အရင်းရှင်ဩဇာ ကြီးမားနေသော
အခြေအနေအောက်တွင် ဆွဲယူကျင့်သုံးရန် လုပ်လာသော ချွတ်ချော်မှု
သဘောတရားထုတ်လုပ်ချက်ကို တွေ့ရှိရပေသည်။

တရုပ်ပြည်တွင် အမျိုးသား အ ရင်း ရှင် အား သိမ်း သွင်း ရေး မှုကို
အောင်ပွဲမခံမီကပင် ချမှတ်ထားခဲ့ ပေသည်၊ ကျွန်ုပ်တို့တွင် ဤသဘော
ထားရှိထားရမည်သည်ဖြစ်ပေသည်၊ သို့ရာတွင် တရုပ်ပြည်တွင် အလုပ်
သမားလူတန်းစားနှင့် အဖိနှိပ်ခံ ပြည်သူများ အောင်ပွဲ မခံမီ ကာလက
အမျိုးသား အရင်းရှင်များသည် အလုပ်သမား လူတန်းစား၏ သဘော
ထားမှန်မှုကို သိသော်လည်း မပါဝင်ဘဲ၊ နယ်ချဲ့သမားနှင့် ၎င်းတို့၏
ကိုက်စားလည်များနှင့်သာ ပူးပေါင်းခါ ပြည်သူအားဆန့်ကျင်၍၊ သွေး
စုတ်ချယ်လှယ်ဖိနှိပ်ခဲ့ကြပေသည်။ ၁၉၄၉ ခုနှစ်တွင် အလုပ်သမား လူ
တန်းစားက၊ အခြားမဟာမိတ်လူတန်းစားများ၊ ပြည်သူများနှင့်အင်အား
ကြီးမားစွာ ချီတက်အောင်ပွဲခံပြီးသည့်နောက်မှပင် အရင်းရှင်အားထိမ်း
ချုပ်ခါ အကျိုးအမြတ်လည်း ပေးရင်း ပြည်သူ့ ဒီမိုကရေစီရေး၊ ဆိုရှယ်
လစ်ရေးတို့အတွက် လက်တွဲချီတက်နိုင်ခဲ့ပေသည်၊ ဤပုံစံထဲမှာ ပင်လျှင်
မပြတ်သော လူတန်းစား တိုက်ပွဲများရှိ၍ အလုပ်သမား ခေါင်းဆောင်မှု
ဖြင့် ဖြေရှင်းပေးခဲ့ပေသည်။

ဗမာပြည်၏ လက်ရှိအခြေအနေသည်။ အရင်းရှင်က အာဏာရယူ၍
ဩဇာရှိနေသေး၏၊ ၎င်းအပေါ် အလုပ်သမားလူတန်းစား က အင်အား
ကြီးမားစွာဖြင့် အောင်ပွဲခံရေး ချီတက်ရမည့် အစား၊ အရင်း ရှင် လက်
အောက်သို့ ခေါင်းရှိုးဝင်ရေး လုပ်လာသေး၏၊ အောက်ကျခံပေါင်းရ

မည့်အခြေကို တိုက်တွန်းနေ၏၊ ထိုပုံစံနှင့်ပင် ပြည်သူ့ဒီမိုကရေစီ နှင့် ဆိုရှယ်လစ်စခမ်းသို့ လှမ်းဘက်နိုင် တော့မလို ကောက်ချက်ဆွဲလာ၏၊ ကွန်မြူနစ်ဆန့်ကျင်ရေး သရဖူဆောင်းသူနှင့် နိုင်ငံရေးညှိနှိုင်းမှုအတိုင်းပင် ခံကွန်ဖရင့်ကျင်းပ၍၊ ဘုံလုပ်ငန်းစဉ်ချမှတ်ခါ၊ ပြည်သူ့ဒီမိုကရေစီ ရေးကို ငြိမ်းချမ်းစွာတည်ဆောက်နိုင်မည်ဟု တွေးခေါ်လိုက်သေး၏၊ ဤသို့သော အခြေအနေပုံစံမျိုးနှင့် မည်သည့်နည်းနှင့်မျှ ရည်မှန်းရာစခမ်းသို့ မရောက်နိုင်ပေ၊ စိတ္တဇဆန်မှုသာဖြစ်ပေမည်။

ဤစိတ္တဇဆန်ချက်ဖြင့်အမျိုးသားညွန့်ပေါင်းအစိုးရကြေးကြော်သံထုတ်၍၊ အရင်းရှင်နှင့်ပူးပေါင်းခါ ဆောင်ရွက်သွားပါက၊ အခြေခံစီးပွါးရေးလမ်းစဉ်မှာ၊အစိုးရဦးစီးသောအရင်းရှင်စနစ်(State Capitalism) (ဝါ) မြူရိုကရက်တစ် အရင်းရှင်စနစ်သို့သာ ဦးတည်ပေလိမ့်မည်၊ ၎င်းစနစ်အောက်၌ လုပ်သားပြည်သူ များသည်၊ ခါးတောင်းကျိုက် မဖြုတ်း ကုန်းလုပ်ရင်း လည်မျိုအညှစ်ခံရခါ၊ အငတ်ခံ၍ မဝတဝ စားသောက်ရပေမည်၊ ဖြတ်ကျော်ခဲ့သော ၁၀-နှစ် အတွေ့အကြုံကာလည်း ဤပုံစံ အတိုင်းသာ ပြသခဲ့ပေသည်။

နိုင်ငံတော်အရင်းရှင်စနစ် (State Capitalism)သည်၊ဆိုရှယ်လစ်စနစ်သို့ ဦးမတည်ပေ၊ တသီးတခြားစီဖြစ်ပေသည်။

ဆိုရှယ်လစ်စနစ်ဆိုသည်မှာ ကုန်လုပ်ကိရိယာများကို လုပ်သား ပြည်သူများက ပိုင်ဆိုင်၍၊ ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့အစည်းက တာဝန်ခံကြီးကြပ်ကွပ်ကဲရခြင်းသာ ဖြစ်ပေသည်။ အဓိကသည် လုပ်သား ပြည်သူတို့က အာဏာယူထားမှုပြဿနာဖြစ်ပေသည်၊ အရင်းရှင်စနစ်လက္ခဏာ ပိုးစဉ်းမျှမရှိပေ။ အစိုးရဦးစီးသောအရင်းရှင်စနစ် လုံးဝမဟုတ်ပေ။

နိုင်ငံတော် အရင်းရှင် စနစ်ကို၊ ဆိုရှယ်လစ် စနစ်အတွက် ခြေလှမ်းစသည်ဟုဆိုလျှင် အလွန်မှားယွင်း ဖေါက်ပြန်ပေသည်၊ အခြေခံချင်း မတူသော စနစ်နှစ်ခုကိုရောထွေးပစ်ရန်ကြိုးစားလျှင် ကြီးစွာမိုက်မဲမှုဖြစ်၍၊ အရင်းရှင်အာဏာယူထားမှုအောက်တွင် အလုပ်သမား လူတန်းစားကို တန်ဆာခံအဖြစ်ထိုးအပ်ခြင်းသာဖြစ်ပေမည်။

ဤအတိုင်းသာ ဆက်လက်စခမ်းသွားပါက၊ မိမိအလိုရှိသော ပြည်သူ့ဒီမိုကရေစီရေးသို့ မရောက်ဘဲ အလုပ်သမား လူတန်းစား ပါတီများ ဖျက်သိမ်း၍ အရင်းရှင်ထံမှောက် ပြားပြားဝပ်ရောက်ရှိမည့် လူတန်းစားပူးပေါင်းရေးသို့သာ သက်ဆင်းပေမည်။

အလုပ်သမား လူတန်းစားက အင်အားကြီးမားလာ၍ ပြည်သူတရပ်လုံး၏ ထောက်ခံချက်ဖြင့် ခေါင်းဆောင်မှုရရှိလာချက်အပေါ် မူတည်၍ အရင်းရှင်နှင့်ယှဉ်ပြိုင်ရင်း ငြိမ်းချမ်းစွာ ဆိုရှယ်လစ် စနစ်လှမ်း တက်ရေး ပြဿနာ (Peaceful transition to Socialism) အတွက် ပါလီမန်နည်းကို သုံးစွဲနိုင်သော အခြေအနေများ အချို့နေရာတွင်ရှိလာသည်ဆိုသော သဘောတရားအား၊ အရင်းရှင်ခေါင်းဆောင်မှု ကြီးမားနေမှု အောက် တွင် အလုပ်သမားက ၎င်းတို့ စီမံသမျှခံကာ၊ ပူးပေါင်းဆောင်ရွက်ရင်း ဆိုရှယ်လစ် စနစ်သို့ သွားနိုင် သည်ဟု ယူဆသော ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးသဘောတရား (Peaceful Development) (ဝါ) ဘရောက်ဒါဝါဒနှင့် ရောထွေးယှက်တင် မှုနှောက် လာ ခြင်းဖြစ်ပေသည်။ ဤသို့ရှုပ်ထွေးစွာဖြင့် သုံးစွဲခြင်းမပြုမိစေရန် အထူးသတိပြုအပ်ကြပေသည်၊ ဤအန္တရာယ်လိုသတိကြီးစွာ တိုက်ခိုက်ရပေမည်။

(၃) တတိယအချက်အားဖြင့် အလုပ်သမားပါတီ၏ လက်ျာတိမ်းမှု၏အခြားအကြောင်းတခုကား အလုပ်သမားပါတီအနေနှင့် အတန်းအစားအသီးသီး (အထူးသဖြင့် အလုပ်သမား) တိုက်ပွဲများနှင့် အချိန်အတော်ကြာကာပင်၊ အဆက်ပြတ်လာခဲ့သောကြောင့်ဖြစ်၏။

(၄) စတုတ္ထနည်းအားဖြင့် ပမညတအတွင်း၌ အကြွင်းမဲ့ညီညွတ်ရေးကိုလိုလားမှု သည်လည်း၊ လက်ျာတိမ်းမှုကို ဖြစ်စေခဲ့သည်ဟု ဆိုရမည်ဖြစ်၏။

ဤသည်တို့မှာ အလုပ်သမားပါတီ၏ လက်ျာတိမ်းသွားမှုအကြောင်းရင်းများပင်ဖြစ်ပေသည်။

(၃)

''အလုပ်သမားပါတီသည်လက်ျာတိမ်းခါ၊ နေရှင်နောက်မြီးဆွဲဖြစ်သွားသည့် အတွက်ကြောင့်၊ ဖြစ်ပေါ်လာသည့်အကျိုးများ''

နေရှင် နောက်မြီးဆွဲ ဖြစ်သွားသည့်အတွက် ဖြစ်ပေါ် လာသည့် အကျိုးများမှာ...

(၁) လူထု၏တော်လှန်တက်ကြွသော ငြိမ်းချမ်းရေး တိုက်ပွဲမှာတန့်၍သွားတော့၏၊ လူထုဒီမိုကရေစီတိုက်ပွဲများမှာအရှိန်သေ၍သွားခဲ့၏။

လူထုအတွင်း၌ ရှုပ်ထွေးမှုများ၊ အချို့သော အစိပ်အပိုင်း အတွင်း၌ နိုင်ငံရေးစိတ်ဓါတ် ကျဆင်းမှုများ ဖြစ်ပွါး၍လာခဲ့၏။

(၂) နေရှင်၏စိတ်ဓါတ် တက်ကြွမှုက ထိပ်ဆုံးသို့ ရောက်နေ၏၊ အောင်ပွဲခံနေ၏၊ အစိုးရစစ်တပ်ဝါဒ ဖြန့်ချီရေးဌာနမှ စာရွက်စာတမ်းများပလူပျံနေပုံ၊သန့်ရှင်းဖဆပလနှင့် တရားမျှတမှုပါတီတို့ ဩဇာတက်နေပုံ၊အလုပ်သမားပါတီနှင့် ပမညတများ ဩဇာကျခြင်း၊သန့်ရှင်းထဲ ရောထွေးရောက်ကုန်ခြင်း၊ ဆက်ဆံရေးကော်မတီဖွဲ့ရန် လုပ်လာရခြင်း၊ပမညတသည် နယ်များတွင် အာမျှလုပ်မရတော့သလို ဖြစ်ခြင်းများကိုကြည့်ပါ။

ဤသို့ ဖြစ်နေသည်ကိုပင် အလုပ်သမားပါတီနှင့် ပမညတ တချို့က ဩဇာတက်နေသည်ဟု လွဲမှားစွာ ကောက်ချက်ချ နှစ်သိမ့် နေကြပေသည်။

(၃) တော်လှန်ရေးသမားဟု ဆိုခဲ့သောသူများ (အထူးသဖြင့်အလုပ်သမားပါတီ)သည် ဥပဒေသမားများ ဖြစ်ကုန်ကြတော့၏၊ တော်လှန်ရေးစိတ်ဓါတ်ကို ဥပဒေစိတ်ဓါတ်က လွှမ်းမိုးနေတော့၏၊ ဤသို့ဖြစ်လာခြင်းမှာနိုင်ငံရေးကွဲလွဲမှုအပေါ် အခြေခံ၍ လက်နက်ကိုင်ဖြေရှင်းကြ

ရသည့်အဖြစ်သို့ အထိ ရောက်ခဲ့ရသော၊ ပြည်တွင်းစစ်ဟူသော ခံယူချက်လျော့ပါးလာမှုလက္ခဏာကို ပြနေပေသည်၊ နိုင်ငံရေးကွဲလွဲမှုကို နယ်ချဲ့သမားအကြိုက် ၎င်းတို့၏ ကိုယ်စားလှယ်များက၊ ဒီမိုကရေစီ အခွင့်အရေးမှန်သမျှကို လက်နက်ဖြင့်ဖိနှိပ်ရိုက်ချိုးလာ၍ပြည်သူများအား အလုပ်သမား လူတန်းစားက ခေါင်းဆောင်၍ လက်နက်ဖြင့်ခုခံရာမှ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ဖြစ်ပေသည်။ ။တဘက်မှနယ်ချဲ့ကိုယ်စားလှယ်များက ဥပဒေအရတည်ထောင်ထားသည့်အစိုးရကို ဥပဒေလွန်ဆန်၍ ပုန်ကန်ထကြွသည်၊အာဏာရူးသည်ဟုစွပ်စွဲခါ ၎င်းတို့၏ ဖိနှိပ်ခဲ့မှုကို ဖုံးအုပ်လာ၏၊ဥပဒေအတိုင်းဖြစ်စေရမည်၊ ဥပဒေကိုလေးစားပါဟုလုပ်လာ၏၊လက်နက်ချပါဆိုလာ၏၊သနားသဖြင့် ပေးသည့်အနေဖြင့် ဥပဒေလုပ်ပေးသည်သဘောလုပ်လာ၏။

ထိုသို့ ဥပဒေကိုအဓိကထားပြီး ဥပဒေအတိုင်းလက်နက်ချပါ၊ လက်နက်စွန့်ဝင်ပါဟုဆိုပြီး နိုင်ငံရေးဖြေရှင်းမှုသဘောကို နောက်တန်းပို့ချပါယ်ထားခြင်းသည်၊ အရင်းရှင်တို့၏ လက်နက်ဖြင့် ဖိနှိပ်ခဲ့မှုကို ကာယကံမြောက်ထောက်ခံ၍၊ သောင်းကျန်းမှုဟု လက်ခံသည့်အဖြစ်သို့ ရောက်ရှိပေလိမ့်မည်၊ ယခု ဦးနုတို့ဖြေရှင်းနေသောနည်းမှာ သောင်းကျန်းသူအပေါ် ရှင်းနည်းမျိုး ဖြေရှင်းနေသည်၊ ထိုအချက်ကို ထောက်ခံသူက ထောက်ခံနေမိကြလေသည်၊ အမှန်စင်စစ်မှာ နိုင်ငံရေး ကွဲလွဲမှုမှ ဖြစ်ခဲ့သော ပြည်တွင်းစစ်ဖြစ်၍၊ ပြည်တွင်းစစ် ဖြေရှင်းနည်းဖြင့် နိုင်ငံရေးအရ ရှင်းလင်းရပေမည်၊ နိုင်ငံရေးရှင်းလင်းမှု အဓိက ပြဿနာ ပြေပျောက်ပါက ဥပဒေရေးရာများမှာ လိုအပ်ချက်အဖြစ်သာ ဆက်လက်၍ ကြိုက်သလို လုပ်နိုင်ပေသည်။

ယနေ့လုပ်ပေးသော လွတ်ငြိမ်းချမ်းသာခွင့်သည်၊ နိုင်ငံရေးအရ ပြည်တွင်းစစ်တရပ်ပြီးငြိမ်းရေးအတွက်၊ဖြေရှင်းခြင်းမျိုး မဟုတ်ဘဲ၊ သူခိုးဓါးပြလူဆိုးများအပေါ်ဖြေရှင်းနည်းမျိုးဖြစ်နေပေသည်၊ ဒါကိုပင်အလုပ်သမားပါတီ နှင့် ပမညတ များထဲမှ လက်ျာသမားများက ငြိမ်းငြိမ်း လုပ်ခါ

နေရာတကာတွင် နည်း အမျိုးမျိုးဖြင့် အတင်း အကြပ် ရိုက်သွင်း လာနေပေသည်။

ထိုအချက်များကို အလုပ်သမားလူတန်းစားအသိခံ ယူသော ရဲဘော်တိုင်းက ဝေဘန်တိုက်ခိုက်၍ပြည်တွင်းစစ်ကို သူမနာကိုယ်မနာနည်း အစစ်ဖြင့် ဖြေရှင်းရန်၊ ဆရာစံခေါင်းဆောင်သော နယ်ချဲ့ခုခံရေးစစ်ပွဲအားနယ်ချဲ့သမားတို့ကဖြေရှင်းခဲ့သောနည်းမျိုးဖြင့် မဖြေရှင်းရန်၊ နယ်ချဲ့ သမား တို့ ဖြေရှင်းလာသောနည်းကို အလုပ်သမားလူတန်းစား နှင့် ငြိမ်းချမ်းရေးကို လိုလားသူပြည်သူတို့ကမထောက်ခံရန်၊ထောက်ခံခဲ့မှုကိုရုပ်သိမ်းရန် ဆက်လက်ပန်ကြားကြိုးပန်းကြရန်လိုပေသည်။

(၃) မြေပေါ် မြေအောက် တော်လှန်ရေးအင်အားစုများအတွင်း၌ ရှုပ်ထွေးမှုများ၊ သံသယဖြစ်မှုများ ဖြစ်လာခဲ့၏၊ ထိုအချက် သည် နယ်ချဲ့သမားနှင့် နယ်ချဲ့ သူလျှိုများ အရင်းရှင်များ အကြိုက်သို့ ရောက်ရှိနေပေသည်၊ ဆိတ်ဆိတ်နေ၍လေမှုတ်ပေးကာ ထိုမီးကို မွှေးပေး နေကြပေသည်၊ ၎င်းတို့ကိုယ်စား အမုန်းခံ အော်ပေးမည့်သူများ ပေါ်လာ၍ ပြုံးရွှင်စွာ အောင်ပွဲခံနေကြပေသည်။

သို့ဖြစ်၍၊ ယခုအချိန်၌ အရေးအကြီးဆုံးမှာ၊ ပမညတ အနေနှင့် သီးခြားကင်းလွတ်သော ဒီမိုကရေစီအတိုက်အခံနေရာမှန်သို့ပြန်လည်ရောက်ရှိရေးမှာ အဓိကဖြစ်နေ၏။

၎င်းသို့ ပမညတ နေရာမှန်သို့ပြန်လည်ရောက်ရှိနိုင်ရေးအတွက်၊ တာဝန်အရှိဆုံးမှာ အလုပ်သမားပါတီပင်ဖြစ်၏၊ အလုပ်သမားပါတီသည်မြေပေါ်တွင် အင်အားအကြီးဆုံးသော လက်ဝဲပါတီကြီးတရပ်ဖြစ်ရာ၊ ၎င်းပါတီ၏ လက်ျာတိမ်းခါ မနေရှင်နောက်ဖြီးဆွဲနေမှုကို အမြန်ဆုံး ပြတ်ပြတ်သားသား ပြန်လည်ပြင်ဆင်နိုင်မှသာလျှင် ပမညတကိုနေရာမှန်သို့ပြန်လည်တည့်မတ်ပေးနိုင်ပေလိမ့်မည်။

အမှားနှင့်ကျူးသွားမှုတို့ကိုသိကြပါလျက်နှင့် မိမိတို့လုပ်မိခဲ့ရာကိုဘာချဝ်အောင်ဆက်သာလုပ်မည်ဟုတွေးခေါ်လျှင် အလုပ်သမားလူတန်းစား

ဝီသတော့မည်မဟုတ်ပေ၊ မှန်လည်းမမှန်၍ အရှုံးနှင့်သာ နိဂုံးချုပ်ရမည်ဖြစ်ပေသည်၊ ယနေ့အခြေအနေသည် ကျူးသွားခဲ့သော်လည်း ပြင်ဆင်ရန်အခါမနှောင်းခဲ့သေးပါ၊ အလုပ်သမားလူတန်းစားဝီသသောသူများသည် အမှားကိုသိရှိပါက ပြင်ရန်ဦးလေးသူများမဟုတ်ကြပေ၊ ထို့ကြောင့်ကျွန်ုပ်တို့သည် အလုပ်သမားပါတီကိုဦးတည်၍ဝေဘန်ခြင်းဖြစ်ပေသည်။

အလုပ်သမားပါတီမပြင်သေး

အလုပ်သမားပါတီသည် မိမိကျူးခဲ့သောအမှားကိုပြင်ဆင်ရန်မကြိုးစားသေးဘဲ၊ကျူးပြီးခဲ့သောတိမ်းစောင်းမှုကိုပင်တရားဝင်သည်ထက်ဝင်အောင်လုပ်ရေးရည်ရွယ်ချက် ဖြင့် ''ယနေ့ပြည်တွင်းငြိမ်းချမ်းရေးပြဿနာအပေါ် ပါတီ၏သဘောထား'' ဟူ၍ထုတ်ဝေလိုက်လေသည်။

စာတမ်းတခုလုံးအားခြုံ၍ကြည့်လိုက်သောအခါ၊

ကာယကံရှင်များတွေ့ဆုံစေ့စပ်ရေးမှုကိုစွန့်ပါယ်လိုက်ပြီး၊ အရင်းရှင်၏ ကျေညာဂတိပေးထားချက်ကိုပင်ယူ၍လက်နက်ချဝင်ရန်ကောက်ချက်ချထားပေသည်။

။ ဒီမိုကရေစီ ပြဿနာဘဲ ဖြစ်သည်ဟုဆိုကာ ချမ်းအေး၏ လက်နက်နှင့် ဒီမိုကရေစီလမ်းရေး ဘောင်အတွင်းသို့ သက်ဆင်းနေပေသည်။

။ အပြုတ်တိုက်ရေးပြည်တွင်းစစ်လမ်းစဉ်ကျဆုံးသွားပြီဟု တကယ့်ရုပ်ဘဝအခြေအနေများနှင့် ကင်းလွတ်စွာဆိုထားပေသည်၊ ဦးနု၏ အင်အားကြီး ဝါဒဖြင့် ဆက်လက် ဖိနှိပ်နေခြင်းကို မေ့ထား၏၊ တဘက်မှ ''ရဲဘော်–ရဲဘော်တို့ ကျန်းမာ ချမ်းသာကြပါစေ၊ ကိုယ် စိတ် နှစ် ဖြာ ချမ်းသာကြပါစေ'' ဟုဆိုပြီးတဘက်က အသေအလဲလိုက်လံ သတ်ဖြတ်နေသေးသည်ကို မသိသလို၊ အရေးမကြီးသလို သဘော ထားနေကြောင်း ထင်ရှားနေ၏။

။ ဦးနုအား မိတ်ဆွေကြီးသို့ သဘောထားနေ၏၊ ဦးနုက အလုပ်သမား လူတန်းစားအပေါ်မိတ်ဆွေလိုသဘောမထားဘဲရန်ကျင်နေသေးသည်ကို မတွက်ချက်။

။ ဦးနုတို့ ကျေညာဂတိပေးထားချက်အရပင်၊ အမျိုးသားနိုင်ငံရေး ညှိနှိုင်းမှုအတိုင်ပင်ခံ ကွန်ဖရင့်ကြီးတရပ်လုပ်နိုင်သည်၊ အရင်းရှင်အောက် ပြားပြားမှောက်ရောက်စေပြီး၊ ကွန်မြူနစ်ဆန့်ကျင်သူနှင့်ပင် ဘုံလုပ်ငန်း စဉ်ကြီးတရပ် ပြဋ္ဌာန်းနိုင်သည်ဟု စိတ်ကူးယဉ်ထား၏။

။ လက်ျာသွေဖီရေးကို ပါးစပ်ကသတိပေးရင်း မိမိတို့နစ်နေ၏။

။ ကာယကံရှင်များ တွေ့ဆုံ ဆွေးနွေး စေ့စပ်ရေးမှုကို ဆုပ်ကိုင်ထားခြင်းပင်လျှင် လက်ဝဲ သွေဖီရေးဟု ဆိုထား၏၊ ၎င်းမှုကို လက်အောက်ခံပြဿနာဟု အလွန်မှားယွင်းစွာဆိုထား၏။

။ မျက်နှာချင်းဆိုင် စေ့စပ်ဆွေးနွေးရေးကို ဒိမိုကရေစီ မှော်ဘုန်းညီလာခံနှင့် ရွေးကောက်ပွဲဘွင်လုပ်ဘို့ စီစဉ်ထားပါသည်ဟုဆိုကာ ပဋ္ဌမ ဦးဆုံး လက်နက်သာ အချုပ်ခိုင်းနေ၏၊ အရင်းရှင်၏ ရည်ရွယ်ချက်သည် အလုပ်သမားပါတီ၏ ရည်ရွယ်ချက်မျိုးမဟုတ်ပေ၊ အလုပ်သမား လူတန်းစားအား ထိုမှော်ကွန်းညီလာခံဖြင့်ပြု၍ မိမိလက်အောက်သို့ ပြားပြားဝပ် ရောက်ရှိလာရန်စီစဉ်၏၊ အရင်းရှင်က အလုပ်သမား လူတန်းစားအား ငါလုပ်သမျှခံ၊ ဥပဒေတွင်းကလွဲ၍ မည်သို့မျှ မလုပ်နိုင်ရန် ချည်နှောင် တုတ်စီးလိုခြင်းဖြစ်၏၊ အလုပ်သမားလူတန်းစားသည် ဘယ်အခြေအနေ မှာမဆို ပါလီမန်နည်းကိုသာ အသုံးပြုရမည်ဟု အဘယ်ကဲ့သို့ ဝန်ခံချက် ပေးထားနိုင်ပါမည်နည်း၊ ဥပဒေပမှ လက်နက်နှင့်ဖြေရှင်းရေး ပေါ်မပေါ် ပြဿနာမှာ အရင်းရှင်၏ ဖိနှိပ်ရေး အတိုင်း အတာပေါ်တွင် တည်ပေ သည်၊ ၎င်းသို့ တုတ်နှောင် ခြင်းကို အလုပ်သမား လူတန်းစားကိုမပြောနှင့် အရင်းရှင်ချင်းပင် ပဋိပက္ခမှုအရ ချည်နှောင်ထား၍မရနိုင်ဘဲ စစ်နှင့် ဖြေ ရှင်းမှုများပြုခဲ့ကြသည် မဟုတ်လော။

။ တောတွင်းရောက်ရှိနေသော အလုပ်သမား အင်အားစုများအား အကြပ်ကိုင်ရုံတွင်မကသေး၊ ချောင်ပိတ် ခြေမှုန်းပစ်ရန်လုပ်သော အရင်း ရှင်၏လုပ်ငန်းတွင် ကြီးမားစွာကူညီသော ဇာတ်ကောင်ဘဝသို့ကျရောက်

နေ၏၊ (ပြည်တွင်းငြိမ်းချမ်းရေး(ဂ)ဦးကော်မတီဘွင် အများစုက ပြည်သူ တို့လိုလားသော သူမနာ-ကိုယ်မနာ နည်းဖြင့် မကိုက်ညီသေး၍ လက်မခံ သောမှုကို မိမိတို့၏ကိုယ်စားလှယ်ဖြင့် အတင်းအကြပ်ကိုင် ဆုံးဖြတ်ချက်ယူ ခြင်းကိုကြည့်ပါ။)

ငြိမ်းချမ်းရေးပြဿနာတွင် လက်မခံနိုင်သေးသော အချက်များရှိ ပါက မိမိတို့အလုပ်သမားပါတီက ခေါင်းဆောင်သော ပမညတနှင့်သာ ဗဟိုပြု၍ ရှင်းလင်းသင့်သည်ဟု နိဂုံးပြု၍ ဆိုထား၏။ ။ပြည်သူ တို့က ပြည်သူ့အကျိုးစီးပွားနှင့် တသားတည်းပြု၍ မည်သည့်အကြောင်းကြောင့် လက်မခံနိုင်သေးကြောင်း ဆက်လက် ပန်ကြားသာသောအခါ ပမညတ နှင့် အလုပ်သမားပါတီအတွင်းမှ လက်ျာအင်အားစုတို့က ပြည်သူ့အကျိုး စီးပွားကိုကျောခိုင်းကာ ဦးနုဘက်မှ ရှေ့နေလိုက် ကာကွယ်ခဲ့ကြသည်ကို ပြည်သူတို့က စိတ်ပျက်ခဲ့ကြလေသည်။

တော်လှန်ရေး အင်အားစုများက ပြည်သူ့အကျိုးစီးပွားနှင့် တသား တည်းပြု၍ အတိအကျ ပန်ကြားနိုင်ရန်နှင့် အခြေအနေအရပ်ရပ်ကို သိရှိ ရှင်းလင်းနိုင်ရန်အတွက် ဦးနုတို့နှင့် မတွေ့ရသည့်တိုင် ပမညတအဖွဲ့၊ ပြည် တွင်းငြိမ်းချမ်းရေးအဖွဲ့တို့နှင့် တွေ့ပါရစေဟုတောင်းဆိုခဲ့သည်ဟုသတင်း များ ပေါ်ပြူချက်အရ သိရှိရပေသည်၊ ပမညတနှင့် အလုပ်သမားပါတီ ထဲမှ လက်ျာအင်အားစုများက တွေ့ဘို့ပင် မလိုတော့ပါဟူသော လေသံ များကို ထုတ်ခဲ့ပေသည်။

ပြည်သူတို့က ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ပြည်တွင်း ငြိမ်းချမ်း ရေးအဖွဲ့နှင့် ပမညတ အဖွဲ့ကြီးတို့အား တပါတည်း ဗဟိုပြု၍ငြိမ်းချမ်းရေး တည်ဆောက်ရန် ရည်သန်ခါ တခဲနက်ထောက်ခံ အားပေးခဲ့ကြပေသည်၊ ပမညတအတွင်းတွင်လွှမ်းမိုးနေသောလက်ျာအင်အားစုက ဦးနုဖြစ်စေချင် တာချည့် ရှောက်လုပ်လာခါ အတင်းလက်ခံခိုင်းသလိုဖြစ်လာ၍၊ ပမညတ အဖွဲ့ကို အားကိုးအားထားစရာ အဖွဲ့ကြီးတရပ်ဘဝမှ ဆုံးရှုံးခဲ့ရမှုကြောင့် ပြည်သူတို့က ကြေကွဲဝမ်းနည်း ဖြစ်ခဲ့ကြ၏။

ပမညတသာ မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ စနစ်တကျ နှစ်ဘက် မျှတစွာ ပုဏ္ဏားထင်လျှပ်ပါက အစိုးရနှင့် တော်လှန်ရေး အင်အားစု တို့

သည်အပြန်အလှန်စေ့စပ်ဆွေးနွေးညှိနှိုင်းနိုင်ကြမည်၊ ဗဟိုပြု၍ပိုမိုလေး စား အားထားမည်ဖြစ်သည်၊ ပမညတရော၊ ဆရာကြီးတို့ အဖွဲ့နှစ်ခု ၏ ပူးပေါင်းဆောင်ရွက်မှုကို ပြည်သူတို့က ပိုမိုလိုလားကြပေသည်။

သို့ရာတွင် ပမညတသည်၊ ဦးနုဘက်က သိတ်တော် နေပြီ၊ အားလုံး ပြည့်စုံအောင် ပေးနေပြီ၊ ဝင်ခဲ့ကြတော့၊ လက်နက်ကိုင်၍ စကားမပြော နှင့်ဟူသော စိတ်ဓါတ် စစ်ဆင်ရေး ဌာန အသံပါ ရောထွက်လာ သဖြင့် ၎င်း၊ ပမညတက ဦးနုဘက်ညွှတ်နေ၍ ပြည်သူတို့ကအားကိုးအားထား နှင့် ဦးထိပ်ထားနေသည့် ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ကြီးကိုပင် ၎င်းတို့ ၏ ဦးနုထောက်ခံရေး ပုံစံထဲ ဆွဲသွင်း လာခြင်းကို တွေ့ရှိ လာ၍ ၎င်း၊ အံ့သြတွေ့ဝေ စိတ်ပျက်ခါ ဝမ်းနဲပက်လက် ဖြစ်ခဲ့ကြရ၏။

ပမညတနှင့် အလုပ်သမားပါတီထဲမှ လက်ျာအင်အားစု များသည်၊ မိမိတို့၏ ဦးနုဘက်မှ ရှေ့နေလိုက်၍ လက်နက်ချဝင်ရေးပြဿနာကို ရှေ့တန်းတွန်းပို့ခါ၊ တဘက်အား ကာယကံမြောက် လည်စင်း အသနားခံ ပေးသမျှယူ၊ အညံ့ခံ အရှုံးပေး ရမည် ဆိုသည့်ပုံကို ဆရာကြီး အဖွဲ့နှင့် ဆရာတော်များထံ အတင်းသွင်းခြင်းမျိုးကိုလည်း ရှောင်ကျဉ်သင့်၏။

“အလုပ်သမားလူတန်းစားများသည်၊ မည်သည့်အခြေအနေတွင် မဆို အရင်းရှင်ထံမှောက်တွင် လက်နက်ချသင့် မချသင့်”

အရင်းရှင်က စည်းကမ်းချက်တွေချပေးပြီး၊ လက်နက်ချစေ ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ရန် စီမံလာခြင်းကို လက်ခံသင့်မသင့် စဉ်းစားရမည် ဖြစ်ပေသည်၊ ပမညတနှင့် အလုပ်သမား ပါတီထဲမှ လက်ျာ အင်အားစု များက၊ လက်ရှိအရင်းရှင် အစိုးရအား မိတ်ဆွေများဟု အလုပ် သမား လူတန်းစားနှင့် တကိုက်းထဲထည့်၍ စဉ်းစားလာ၏၊ တဦးနှင့်တဦး ရန်သူ လိုအကြပ်ကိုင်ခြင်း၊ ချေဖျက်ခြင်း၊ ဩဇာချခြင်း မလုပ်သင့်ကြဟုဆို၏။

အရင်းရှင်အစိုးရက၊ပြည်တွင်းစစ်လမ်းစဉ်အတိုင်း ဆက်လက်ချေဖျက် နေ၍ မိတ်ဆွေလိုသဘောမထားဘဲ၊ ရန်သူလိုအကြပ်ကိုင် ဦးချိုးခြင်း ပြု နေသေးသည်ကို မေ့မထားသင့်ပေ၊ မိတ်ဆွေလိုဘက်ကယ်သဘောထား၍

တကယ့် ငြိမ်းချမ်းရေးစေတနာသာရှိပါက အသေအလဲခြေမှုန်းရန်ဆက် တိုက်ဘို့မလိုပေ။

အတိုက်အခိုက် ရပ်စဲ၍၊ ငြိမ်းချမ်းရေး တည်ဆောက် ရန်သာ လိုပေ သည်၊ ယခုလုပ်ပုံမှာ တဘက်ကမနေသာ ပြတ်ပြတ်ပြန်းအောင် တိုက်၍၊ တဘက်က အညံ့ခံ ဒူးထောက် အရှုံးပေးရေး အတွက် စည်းကမ်းချက် တွေချပေးကာ စစ်နိုင်သူက စစ်ရှုံးသူအပေါ် ပြုလုပ်သော အမိန့်ခံ ငြိမ်း ချမ်းရေး (Dictated Peace)ဖြစ်ရန် လုပ်နေချက်သာ တွေ့ရသည် အလုပ်သမား လူတန်းစား အပေါ် အဆောတ ကြီးမားစွာနှင့် ဆန့်ကျင် တိုက်ခိုက်ရာတွင်၊ ဦးနုသည် ပမညတနှင့် အလုပ်သမားပါတီထဲမှ လက်ျာ သမားများက ရန်သူဟု သတ်မှတ် ထားသော ဖဆွငြိမ်း အုပ်စုနှင့် တ သဘောတည်း ဖြစ်နေ လျက်ပင် ရှိပေသည်၊ ပြည်တွင်းစစ် လမ်းစဉ် ကို မပြောင်းလဲသေးပေ၊ သို့အတွက် ဖေါက်ပြန် သော ပြည်တွင်းစစ် ပေါ် လစီမပြောင်းမချင်း လူထုအား စည်းရုံး၍ တိုက်ပွဲဆင်ခြင်းများ ပြုသင့်ပေ သည်။

နုတင်အရင်းရှင်သည်၊ တရုတ်ပြည်မှ အမျိုးသားအရင်းရှင်ပုံသဏ္ဍာန် မျိုးလည်းမဟုတ်၊ အင်ဒိုနီးရှား ပြည်၏ အရင်းရှင် များ ပုံသဏ္ဍာန် နှင့် လည်း မတူသေး၊ အိန္ဒိယပြည်မှ အရင်းရှင်ခေါင်းဆောင်ကြီး နေရူးကဲ့သို့ ဒီမိုကရေစီကျမှု၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဘက်မှ ရပ်တည်မှု၊ တိကျသော ကြား နေရေး ဝါဒ ကျင့် သုံး မှု သဏ္ဍာန်များ တွင်လည်း မမှီသေးဘဲ ကွာခြား၏၊ ကွန်မြူနစ် ဆန့်ကျင်ရေးဖြင့် နယ်ချဲ့သမား များအား မျက်စ ပစ်လျက်ရှိနေသေး၏။

နုတင်နှင့်ဆွေငြိမ်းတို့သည် အပေါ်ရံအားဖြင့် အချို့အချက် အလက် များ ကွဲပြားခြားနားသော်လည်း၊ တကယ့်အခြေခံ အနှစ်သာရ[illegible] မကွဲ ခြားသေးချေ၊ “ဦးနုတို့လုပ်ပုံသည် ကျွန်တော်တို့လုပ်ခဲ့ [illegible]က်နှင့် အသွ မထူးခြားပါ” ဟု ဦးဗဆွေ၏ပြောပြောချက်ကသက်သေခံလျက် ရှိ၏၊ အခြေခံ စီးပွားရေးဝါဒမှာ မပြောင်း သေး၊ နယ်ချဲ့ အရင်း အနှီး အား

ဘိတ်ခေါ်မှုတွင် အတူတူဖြစ်၏၊ နိုင်ငံခြားရေးဝါဒတွင်လည်း မပြောင်းလဲသေး၊ မီးထတောက်လု ဖြစ်နေသော အရှေ့အလယ်ပိုင်း ကိစ္စတွင် နယ်ချဲ့သမားများ စိတ်ကွက်မှု ခံရမည် ကြောက်၍၊ တီတိုးထံ တပြည့်ခံ ဆွေးနွေးခါမပြတ်မသွားလုပ်၏၊ အုပ်ချုပ်ရေးအပိုင်းတွင်လည်း နိုင်ငံရေးသမားများအား နှိမ်နင်းနေမှု အခြေခံမှာ မပြောင်းလဲသေးသော အခြေအနေများတွင် ရှိနေပေသေးသည်။

ဤသို့သောအခြေအနေတွင်၊ တဘက်က အလုပ်သမား လူတန်းစားများအားလည်း သတ်လျှိုဖြိုခွဲနေခြင်း၊ ပြည်သူတို့ ငြိမ်းချမ်းရေးလှုပ်ရှားမှု အရှိန် ဒေသ နေ ခြင်း၊ တော် လှန် ရေး အင် အား စု များ အ တွင်း ရှုပ်ထွေး၍သံသယဖြစ်မှုများ ရှိနေသေးခြင်း၊ ဦးနုအစိုးရ၏ ပြည်တွင်းစစ်လမ်းစဉ်ကိုပြောင်းအောင် တိုက်ခြင်း၊ စသည်တို့အတွက် ရှင်းလင်း ရှေ့ဆောင်မှုမပြုဘဲ၊ နယ်ချဲ့အန္တရာယ်တခုဘည်းကိုသာထွက်ချက်၍မရေမရာပေးထားသောဂတိဒပေးချက်လောက်ဖြင့်၊ အရင်းရှင်အောက်ငုတ်လျှိုးဝင်ရောက်လျှင်၊ အလုပ်သမားလူတန်းစားသည် တိုက်နိုင်သောအင်အားဖြစ်မလာဘဲ၊ အရင်းရှင်နှင့်ပူးပေါင်းသော လူတန်းစားပူးပေါင်းရေးသဘောသို့ သက်ဆင်းကာ၊ ၎င်း၏တပ်ဦးကိုအရင်းရှင်၏ခြေဖျက်မှုအတွက် ထိုးအပ်သည်နှင့်တူပေလိမ့်မည်၊ နယ်ချဲ့အန္တရာယ်ကို လက်နက်ချ အညံ့မခံစေသောနည်းဖြင့်ပူးပေါင်းဆောင်ရွက်တိုက်ခိုက်နိုင်ရန်နည်းလမ်းများ ရှာနိုင်ပါလျက် အဘယ်ကြောင့်လက်နက်ချရေးကိုသာ အရင်းရှင်က ရှာဖွေ၍ တောင်းဆိုနေပါသနည်း၊ တဘက်စီးနင်းအနိုင်ယူ၍အလုပ်သမား လူတန်းစားကို ဦးချိုးရန်ဖြစ်ပေသည်။

ယနေ့လူထုသည် တဘက်ဘက်အား နာစေ သာစေမှုကိုမလိုလားဘဲ၊ သူမနာ ကိုယ်မနာငြိမ်းချမ်းရေးကိုသာ လိုလားကြပေသည်၊ လက်နက်ချလျှင် လူထုကချစ်၍သြဇာရှိခါအင်အားကြီးမားလာမည်ဟူသောကောက်ချက်မှာ အရင်းရှင်အတွက် ရှေ့နေလိုက် ခြင်းသာ ဖြစ်ပေသည်၊ တကယ့်လူထုအမြင်တွင် ထိုသို့မဟုတ်ပေ၊ တဘက်စီးနင်းလုပ်နေသည့် ဦးနုဘက်သို့

ညွှတ်သော ပမညတ၏လက်ျာအင်အားစုများကိုပင်စိတ်ပျက် အထင်သေးလျက်ရှိနေကြပေသည်၊ အလုပ်သမားလူတန်းစားသည် လူထုကထောက်ခံသည့်အချက်ကိုသာရရှိမည်ဟုယုံကြည်ကာ လက်ခံကြမည်သာဖြစ်သည်။ တောင်းဆိုချက်များစွာကိုလည်းမတောင်းလိုကြပေ၊ သို့ အတွက် တွေ့ဆုံဆွေးနွေး စေ့စပ် ၍ နိုင်ငံရေး ပြေလည်မှု အရ သင်ပုန်းချေလိုက်ကြပါက ငြိမ်းချမ်း ရေးလုံးဝရရှိနိုင်မည်ဟုယုံကြည်မိပေသည်။

ရဲဘော်ကြီး လီနင် နှင့် စတာလင်တို့၏ နောက်ဆုတ် တတ်ရမည် ဟူသော အချက်ကို ကိုးကား၍ အရင်းရှင် ထံမှောက် လက်နက် ချရေး တွင် အလုပ်သမားလူတန်းစားက ဆွဲယူကျင့်သုံး၍လည်းမဖြစ်နိုင်ပေ၊ တိုက်ပွဲတရပ်တွင် ရှေ့တိုးခြင်း နောက်ဆုတ်ခြင်းသည် လက်နက်ချရေးမှုနှင့် တခြားစီ ဖြစ် ပေသည်၊ နောင်တော် အလုပ်သမား လူတန်းစားများ၏ တိုက်ပွဲစခမ်းဆင့်များတွင် ဒီမိုကရေစီအခြေခံတို့ကို နိုင်မာစွာ ဆုပ်ကိုင်၍ ကူးပြောင်းရပ်တည်ခဲ့ကြပေသည်။

ယနေ့၌သို့ ပြောင်းလဲ ရပ်တည်ရန် အခြေသို့ ရောက်ရှိ နေပြီလော၊ မရောက်ရှိမပေးသေးပေ၊ နိုင်ငံရေးအကျဉ်းသမားများကိုပင် လွှတ်ကျွတ်စွာလွှတ်သေး၊ ဘကြီးဘဖေကဲ့သို့သောအနေအထားမျိုးကိုပင် အမှားဝန်ခံနိုင်း၍ ဦးချိုးနေပေသေး၏။

လွတ်ငြိမ်းချမ်းသာခွင့်ဟူသောစကားသည်ပင်လျှင်၊ တဘက်စီးနင်းမှု ထားကြောင်းထင်ရှားနေ၏။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းဥပဒေပုဒ်မ ၆၀၊ သည်ပင်၊ သူမနာကိုယ်မနာသင်ပုန်းချေရေးကို လုပ်မပေးနိုင်ပေ၊ သို့အတွက်နိုင်ငံရေးပြေလည်မှုသာအဓိကကျနေသည်ဟု မြင်လာကြပေသည်။

ငြိမ်းချမ်းလွယ်အောင်ဒီလိုလုပ်သင့်သည်

ပြည်သူလူထုအလျှင်အမြန် လိုလားတောင့်တ နေသော ငြိမ်းချမ်းရေးအကောင်အထည်ပေါ်ရေးအတွက် နှစ်ဦးနှစ်ဘက်ခက်ခဲစရာများမရှိရေး တရားမျှတစွာ၊ သူမနာကိုယ်မနာဖြစ်ရေးတို့အပေါ်မူတည်၍.....

၁။ သန့်ရှင်း ဖဆပလ နှင့် တော်လှန်ရေးအင်အားစုများ တဦးအမှား တဦးသည်းခံရေး၊ အာဏာတဖျောက်ရေးမှုအရ နှစ်ဦးနှစ်ဘက် သင်ပုန်းချေပြီးကြောင်း၊ နိုင်ငံရေးအရတိုင်းပြည်သို့ကျေညာရန်။

၂။ သင်ပုန်းချေကြေညာပြီးနောက်၊ ဝင်လာရေး၊ လက်ခံ ရေး၊ အ အသေးစိပ်လက်တွေ့လုပ်ငန်းများကို အလျင်အမြန်ဆုံးနှင့် စနစ် အကျဆုံးဆောင်ရွက်ကြရန်။

ဟူသောအလွယ်နိုင်ဆုံးနည်းလမ်းအဖြေတခုကို၊ ငြိမ်းချမ်းရေးလို လား ဆောင်ရွက်လျက်ရှိကြသောအဖွဲ့ အစည်းများ၊ ပုဂ္ဂိုလ်များ၊ ပြည်သူများ က စဉ်းစားပန်ကြားကြီးစားသင့်သည်ဟုအကြံပေးလိုပေသည်။

တိုင်းပြည်သို့ထုတ်ပြန်ကျေညာရာတွင် ပြည်တွင်းစစ်အတွင်း ကာယကံ မြောက်တိုက်ရိုက်အကြီးဝင်ရင်ဆိုင်ခဲ့ကြသော နိုင်ငံရေးအဖွဲ့အစည်း များ အားလုံးက "ကမ္ဘာ့အေးညီလာခံစကားကြီး(၄)ခွန်းအ၊ တဦး အ မှားတဦးသည်းခံရေးကိုလက်ခံကျင့်သုံးကြ၍၊ နှစ်ဦး နှစ်ဘက် သင် ပုန်းချေလိုက်ကြပြီဖြစ်ကြောင်း၊ လက်နက်ကိုင်ဖြေရှင်းခဲ့သော လုပ် ငန်းများကိုရပ်စဲပြီးနောက်၊ ဒီမိုကရေစီတည်ဆောက် ထိမ်းသိမ်းကြ ၍၊ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ကြရန်နှင့် ပြည်ထောင်စုကြီး အကျိုး စီးပွားအတွက်၊ တူညီသောလုပ်ငန်းများအားပူးပေါင်း ဆောင်ရွက် သွားခြင်းဖြင့် ထမ်းရွက်ကြရန်သဘောတူ ဆုံးဖြတ်ခဲ၊ တိုင်းပြည်သို့ ထုတ်ပြန်ကျေညာလိုက်ပါကြောင်း"ဟူ၍ လက်မှတ် ရေးထိုး ထုတ်ပြန် ခြင်းပြုသင့်ပေသည်။

ဖေါ်ပြပါကျေညာချက်မျိုး ဖြစ်မြောက် ထွက်ပေါ်လာရေး အတွက်၊ ဆရာတော်သံဃာတော်ကြီးများနှင့် ဆရာကြီး သခင် ကိုယ်တော်မှိုင်း တို့ အား ဦးထိပ်ထားခါ၊ ခုံသမာဓိတင်၍ ငြင်း၊ ပမညတအဖွဲ့ကြီးအား ဗဟိုပြု၍ ငြင်း၊ ဘယ်ဘက်နှင့်ကဘက် ကမ်းလှမ်းလက်မှတ်ရေးထိုးနိုင်ကြရန်ကြိုးပန်း

စီစဉ်သင့်ကြပေသည်၊ သို့အတွက် ဆ ရာကြီး၏အဖွဲ့နှင့် တောတွင်း အင် အားစုများတွေ့နိုင်ရေးကိုအလျင်အမြန် စီစဉ်ပေးရန်ပြည်သူတို့က တောင်း ဆိုခြင်း၊ တဘက်မှစီစဉ်ပေးခြင်းများပြုသင့်၏။

ဤနည်းလမ်းသည်ဦးနုတင်ပြသောအမျိုးသားညီလာခံနှင့် အမျိုးသား မော်ကွန်းအစီအစဉ်မှုမျိုးကဲ့သို့၊ ခက်ခဲရှုပ်ထွေး၊ အချိန်ရှည်ဝေးနိုင်သည့် အ ခြေမရှိနိုင်ပေ၊ ဦးနုတင်ပြသောအချက်များနှင့်ဖုံးလွှမ်းပစ်ခြင်း၊ ရော ထွေး ပစ်ခြင်းလည်းလုပ်ရန်မလိုပေ၊ လုံးဝမသက်ဆိုင်ပေ၊ ငြိမ်းချမ်းရေးအမြန် ရရှိရန်တခုတည်းအတွက်ရည်ရွယ်သောအခင့်ဖြစ်ပေသည်၊ ထိုနည်း ဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီးနောက်၊ ပြည်ထောင်စုကြီးအကျိုးစီးပွားအ တွက် ပိုမိုကျယ်ပြန့် သော အမျိုးသား ညီလာခံကြီး ခေါ်ယူသွားရေး ကို အကောင်းဆုံးပြင်ဆင်နိုင်ပေမည်၊ အလုပ်သမားလူတန်းစားအား ချည် တုတ်ရန်မဟုတ်ဘဲ တကဲ့ခေတနာမှန်ဖြင့်သာလုပ်မည်ဆိုပါကလိုက်လှဲစွာ ကြိုဆို၍ စိတ်အားတက်ကြွစွာပါဝင်ကြပေလိမ့်မည်။

အထက်ပါပြဿနာသည်၊ ခက်ခဲစရာ မဟုတ်ပေ၊ အစိုးရ တရပ်နှင့် အခြားအစိုးရများ၊ သို့မဟုတ် အဖွဲ့အစည်းများ ပူးတွဲကျေညာခြင်းမျိုးကို မရည်ရွယ်ပေ၊ ပြည်ထောင်တခုအတွင်း၌၊ ငါတို့အမျိုးသားနိုင်ငံရေး အဖွဲ့ များအချင်းချင်း အရေးတကြီးလိုအပ်သော၊ တမျိုးသားလုံး အရေး အ ခင်းအတွက်၊ နိုင်ငံရေးအရပူးတွဲ ကျေညာခြင်းမျိုးသာ ရည်ရွယ်ထား၍ လက်ခံသင့်ကြပေသည်၊ သို့မှသာ သူမနာကိုယ်မနာ အစစ်ဖြစ်ပေမည်။

ထိုသို့ နိုင်ငံရေးအရ သင်ပုန်း ချေပြီးကြောင်း ကျေညာချက် ထုတ် ပြန်ပြီးနောက်၊ နှစ်ဦးနှစ်ဘက်က သင့်တော်သည့် ထင်သော မည်သည့် နည်းဖြင့် မဆို၊ ဝင်လာရေး၊ လက် နက် ပေး အပ် ရေး၊ လက်ခံ ရေး နှင့် ပြဿနာဆက် အဝဝအတွက် ချောမောစွာ ပြီးစီးနိုင်ပေသည်။

ကျေညာချက်ထုတ်ပြန်ပြီ နောက်၊ လက်နက်များပေးအပ်ဝင်ရောက် လာသည်နှင့်တပြိုင်နက်။ တရားဝင်တည်ထောင်ခွင့်ပေးရန်လည်း ... သောဂတိအဖြစ် အခွင့်ပေးသင့်သည်၊ ပြဿနာ များ မရှုပ်ထွေး စေရန် အတိုက်အခိုက်များလည်း ရပ်စဲထားသင့်ပေသည်။

တော်လှန်ရေးအင်အားစုများထဲမှ ဝင်လာပြီးဖြစ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ ကလည်း၊ မိမိတို့ ဝင်ပြီးသည်နှင့် ပြည်သူတို့ လိုလားသော ပြည်တွင်းစစ် ပြီးစီးပြီဟုမယူဆဘဲ၊ ဦးနုအားဆက်လက် တောင်းဆို၍၊ ကျန်ရစ်နေသေးသည့် ရဲဘော်များနှင့်ပါ ပြီးစီးစေမည့် ပြည်တွင်းစစ်အပြီး အပိုင် ငြိမ်းအေးရေးတာဝန်များကို ဝိုင်းဝန်း ထမ်းဆောင် သင့်ကြပေသည်၊ ဖေါ်ပြပါ ငြိမ်းချမ်းရေး ကျေညာချက်မျိုးတွင် ပါဝင်လက်မှတ်ရေးထိုးရန် စည်းစားတောင်းဆိုကြိုးပမ်းသင့်ကြပေသည်။

ဆွေငြိမ်းတို့လူစုကလည်း၊ မိမိတို့လူစုသည်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်နှင့်ပါတ်သက်၍၊ အာဃာတ မထားရှိ တော့ကြောင်း တိုင်းပြည်သို့ပြသ လိုပါက၊ ဖေါ်ပြပါ ငြိမ်းချမ်းရေး ပူးတွဲ ကျေ ညာ ချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ပြသရန်လိုပေသည်။

၎င်းနည်းလမ်းအဖြေရှာချက်သာလျှင်၊ အာဃာတကင်းစင်ခြင်း၊ သူမနာကိုယ်မနာ သင့်ပုန်းချေမှုနှင့်ကိုက်ညီခြင်း၊ လုပ်ကိုင်ရန်လွယ်ကူ၍ အခက်အခဲဖြစ်စရာကြီးမားရှည်ဝေးနေစရာမလိုတော့ခြင်း၊ဖြစ်စေမည့်မှုဖြစ်သဖြင့် ပြည်သူတို့လိုလားသော ငြိမ်းချမ်းရေးကို အမြန်အကောင် အထည် ဖေါ်နိုင်မည်ဟု ယုံကြည် မိကြ၏၊ ထိုနည်းလမ်း အဖြေရှာချက်အား အလေးအနက် ဝိုင်းဝန်းစည်းစားဆောင်ရွက်ကြရန် ပန်ကြားအပ်ပါသည်။

သဘောတရားအန္တရာယ်နှစ်ရပ်

ဗမာပြည်၏ အလုပ်သမား လူတန်းစား များအတွက် ကမ္ဘာ့အလုပ်သမားများနည်းတူ သဘောတရား အန္တရာယ် နှစ်ရပ်ကို ရင်ဆိုင်နေကြရပြသည်။

၁။ ပြန်လည်ပြင်ဆင်ရေးဝါဒနှင့်၊ ၂။ တရားသေဝါဒ....တို့ဖြစ်ပေသည်။

(၁) အရင်းရှင်က လက်နက်ဖြင့် ဖိနှိပ်သည်ကိုခုခံ၍ လက်နက်ကိုင်တော်လှန်ခြင်းကို မှားသည်ဟုယူဆ၍၊ လက်နက်ကိုင် ခုခံတော်လှန်မှုကို

စွန့်လွှတ်ရန် တောင်းဆိုလာ၏၊ လက်နက်ကိုင် တော်လှန်ရေး များ မလိုအပ်တော့၊ အရင်းရှင်နှင့် ပူးပေါင်း သွားရင်းပင် ဆိုရှယ်လစ် စနစ်သို့ မိမိတိုင်းပြည် အခြေအနေနှင့် မိမိချီတက်သွားနိုင်သည်ဟူသော ပြင်ဆင်ရေးဝါဒအန္တရာယ်သည် တဘက်တွင်ရှိပေသည်။

(၂) လက်နက်ကိုင်နည်းမှလွဲ၍၊ အလုပ်သမား လူတန်းစား အတွက်အာဏာမရယူနိုင်၊ ပြည်သူ့ ဒီမိုကရေစီနှင့် ဆိုရှယ်လစ်စနစ်သို့ မတက်လှမ်းနိုင်ဟုဆိုရင်း၊ ကမ္ဘာ့ဆိုရှယ်လစ်အုပ်စုကြီး ပေါ်ထွန်း ကြီးထွားလာခြင်း၊ဆိုရှယ်လစ်ဈေးကွက်ကြီးပေါ်လာခြင်း၊ ငြိမ်းချမ်းရေးနယ်ပယ် ကျယ်ဝန်းလာခြင်း၊ အလုပ်သမားလူတန်းစားတို့ မည်သည့်နည်းဖြင့် အာဏာရသည်ဖြစ်စေ၊ မပျက်စီးမကျဆုံးရန် မားမားမတ်မတ် ရပ်တည်ကာကွယ်မည့် အင်အားစုကြီးရှိနေခြင်းတို့ကို အသိအမှတ်မပြု၊ ငြိမ်းချမ်းရေးဆိုတာမရှိ၊ စံနစ်နှစ်ခု ယှဉ်ပြိုင်နိုင်ခြင်း၊ အလုပ်သမားအင်အားစု ကြီးမားသောနေရာတွင် ပါလီမန်နည်းဖြင့်ကူးပြောင်း၍ အာဏာရရှိလာသောအခါ ထိမ်းနိုင်သော ကမ္ဘာ့အလုပ်သမားအင်အား ရှိနေခြင်းကို မယုံဟု တော်လှန်ရေး ပြဿနာ ရပ်ကြီးကို လက်နက်နည်း အပိုင်း တခုတည်းသာ ကွက်ကြည့်တတ် သော တရားသေဝါဒ အန္တရာယ်သည် တဘက်တွင်လည်းရှိနေပေသည်၊

ဗမာမြေနှင့် အတိအကျ ဆိုရ လျှင် သိန်းဖေမြင့်၏ ပြင်ဆင်ရေး ဝါဒအန္တရာယ်နှင့် သခင်စိုး၏တရားသေဝါဒ အန္တရာယ်တို့ဖြစ်ပေသည်။

ထိုနှစ်ဘက်သောအန္တရာယ်၏ တိမ်းစောင်းသွေဖီမှုများကို ဝေဘန်စိစစ်ပြုပြင်၍ မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိရန် ကြိုးပမ်းကြရပေမည်။

"အပြုသဘောထားသော ရဲဘော်စိတ်ဖြင့် အကျိုးပြုပါသည်"

အလုပ်သမားပါတီသည် မာ့ကွစ်ဝါဒ၊ လီနင် ဝါဒကို ခံယူထား[illegible] ပါတီတရပ် ဖြစ်သည့်အတိုင်းကျွန်ုပ်တို့သည် မြောင်ကျ၍ တွဲဝိုး[illegible] ကိုပင် ပြုလုပ်ထားခြင်းဖြစ်၏၊ အလုပ်သမားပါတီသည် ကျွန်ုပ်တို့၏ [illegible] အာန်ချက်ကို သံသယ အစွဲအလန်း ကင်းစွာကြည့်လျက်၊ အခြေခံသဘော

တားဆီးရေးမှ၍ ပြန်လည်သုံးသပ်ခါ ပြင်ဆင်စရာရှိသည်များကို ရဲဝံ့စွာ ပြင်ဆင်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်မိပေသည်။

အချိန်မှီမပြင်ဆင်နိုင်ပါက၊ ဆွေ–ငြိမ်းနေရာတွင် ပမညတနှင့် အလုပ်သမားပါတီထဲမှ လက်ျာသမားများ၏ ပြဇာတ်နောက်လိုက်၍ နေရာဝင်ယူမှသာ နိဂုံးချုပ်ရောက်ရှိသွားပေမည်၊ သို့မဟုတ်၊ အမျိုးသား ညွန့်ပေါင်းအစိုးရ ဆောင်ပုဒ်ဖြင့် ဆွေ-ငြိမ်း၊ နု-တင်၊ လက်ျာ-ပမညတနှင့် အလုပ်သမား လူတန်းစားပါတီဝင်များ တကိုက်းထည်း စုစည်းသွားပေလိမ့်မည်။ မနေ့ရှင်ပေါက်စ ပါတီတရပ်သို့ လျော့ကျ သက်ဆင်းသွားနိုင်ပေသည်။

သို့အတွက် အလုပ်သမားလူတန်းစားပါတီဝင်ခေါင်းဆောင်စုတိုင်း၊ ရဲဘော်တိုင်းက၊ မာ့က္ခစ်-လီနင်ဝါဒသဘောတရားများဖြင့် စိစစ်၍ ပိုင်းဝန်းကယ်တင်ရမည့် တာဝန်ကျရောက်နေပေသည်။

ကျယ်ပြန့်၍ ဒီမိုကရေစီကျသော၊ ပါတီတွင်း ဆွေးနွေးပွဲ များအားဖြင့်၎င်း၊ အရင်းရှင်တို့၏ အပြောများကိုသာမဟုတ်ဘဲ၊ တကယ့် ရုပ်ဘာအခြေအနေများကို လေ့လာခြင်းအားဖြင့်၎င်း၊ လမ်းစဉ်မှန်သို့ ပြန်လည်ရောက်ရှိလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။

လူထုကို အကြွင်းမဲ့ယုံကြည်လျက် မှန်ကန် သော လမ်း စဉ် ကို ကိုင်စွဲ၍ တက်ခြင်းအားဖြင့် မည်သို့သော အကြပ် အတည်း များကို တွေ့ရစေကာမူ၊ နောက်ဆုံး၌ မုချအောင်ပွဲဆင်ရမည်သာဖြစ်၏။

ကျွန်ုပ်တို့၏ ဝေဘန်ချက်သည်၊ အပြုသဘောဖြင့် အမှန်သို့ ပြန်လည်ရောက်ရှိရေးနှင့် အကျိုးဖြစ်ထွန်းမှုကို များစွာရရှိပါစေသတည်း။

တိမ်းချော်မှုများနှင့် ကျုံသွားမှုတို့ကိုပြင်ဆင်၍ ပြည်သူ့အားကို ယုံကြည်ကာ ပြည်သူတို့လိုလားသော တကယ့်ငြိမ်းချမ်းရေးအစစ်အမှန်ကို ည်ဆောက်ပေးနိုင်ကြပါစေသတည်း ။

တကယ့်စစ်မှန်သောငြိမ်းချမ်းရေးကိုလိုလားသော
ရဲဘော်များ။

၁၁–၈–၅၈။

ဆိုရှယ်နီ

ဘယ်လဲ

အလုပ်သမားပါတီအား ဝေဘန်ချက်

ရန်ကုန်မြို့၊ အောင်မြင့်ဝေ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍၊
အမှတ် ၁၇-အနောက်မြင်းပြိုင်ကွင်းလမ်း
တာမွေ၊ ရန်ကုန်မြို့၊ မှထုတ်ဝေသည်။

၂၅-ပြား။